သထုံမြို့နယ်အသင်း (ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

သထုံမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော် ပရိဝုဏ်အတွင်းရှိ သထုံမြို့နယ်အသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများနှင့် ဂုဏ်ထူးရရှိခဲ့ကြသော အသင်းဝင်သားသမီးများသည် အမှတ်စာရင်းနှင့်တကွ ဇန်နဝါရီ ၂၀ ရက်နောက်ဆုံးထား၍ ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ ဦးစန်းလွင် ဖုန်း-၅၇၈၇၁၇၊ ဦးတင်အောင်ညွန့် ဖုန်း-၆၄၁၆၄၆၊ ဦးမြင့်သိန်း ဖုန်း-၅၅၄၁၀၀၊ လိုင်းခွဲ-၂၉၃၊ ဒေါ်မြသန်း ဖုန်း-၅၃၅၅၇၇၊ ဒေါ်ချိုချို ဖုန်း-၅၁၀၁၇၅ တို့ထံသို့ ဆက်သွယ် ပေးပို့ကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အကြိမ်(၃၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ ကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၁၄

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ အကြိမ်(၃၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို ဇန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်တွင် ကျင်းပသည်။

ဈေးပြိုင်ပေး

အဆိုပါပုလဲရောင်းချပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းဖက်စပ်ပုလဲကုမ္ပဏီများမှ ပုလဲလုံးရေ စုစုပေါင်း ၅၆၆၈၉ လုံး၊ အလေးချိန် ၃၀၄၀၈ ဒသမ ၄၅ မိုမီအား တင်ဒါအတွဲပေါင်း ၂၉၁ တွဲနှင့် ဈေးပြိုင်အတွဲပေါင်း ၃၀ ဖွဲ့စည်းတင်ပြရောင်းချခဲ့ရာ တင်ဒါစုစုပေါင်း ၂၅၅ တွဲနှင့် ဈေးပြိုင်အတွဲပေါင်း ၃၀ စုစုပေါင်း ၂၈၅ တွဲအား ပုလဲကုန်သည်ကြီးများက ဈေးပြိုင်ပေး၍ ဝယ်ယူသွားကြသည်။

အကြိမ် (၃၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ၌ ပုလဲတွဲများ အများဆုံးဝယ်ယူသူ ဦးအောင်ကျော်အား ပြပွဲကျင်းပရေးကော်မတီဝင် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေက အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုဆုချီးမြှင့်

ဇန်နဝါရီ ၇ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၏ မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် မြို့နယ်အဆင့် ဘက်စုံ ပထမဆုရရှိသော စတုတ္ထတန်းကျောင်းသား မောင်သန့်ဇင်ကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးကြိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်းရွှေဝါပန်းခြံ သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်နိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ဇန်နဝါရီ ၄ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးသိန်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ကျောက်တံတားမြို့နယ်၌ ကိုင်ရိုအပ်ချုပ်ဆိုင် ဖွင့်လှစ်ထား

ရန်ကုန် ဇန်နဝါရီ ၁၄

ကိုင်ရိုအပ်ချုပ်ဆိုင်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၇လမ်း (အလယ်) အမှတ် ၁၉၀ မြေညီထပ်၌ ဖွင့်လှစ်ထားရာ ယခုအခါ ဆိုင်သက်တမ်း နှစ်(၅၀)ကျော်ပြီဖြစ်ကြောင်း သိရသည်။

ချုပ်ရိုး ချုပ်သားကောင်းမွန် သေသပ်ရမည်၊ ဈေးနှုန်းချိုသာရမည်၊ အပ်သူများ စိတ်တိုင်းကျ ဖြစ်စေရမည် ဟူသည့် ခံယူချက်ထားရှိကာ လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၄နာရီ အချိန်ပြည့်၊ လုပ်သားအင်အား အပြည့်ဖြင့် နေ့ချင်းပြီး အပ်ထည်များကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချုပ်ရိုးချုပ်သား ကောင်းမွန် သေသပ်မှု၊ ဝတ်ဆင်သူများ စိတ်တိုင်းကျမှုတို့ကြောင့် ပြင်ပအပ်ထည်များသာမက စက်ရုံအလုပ်ရုံများ၏ ဝတ်စုံများ၊ ကုမ္ပဏီများ၏ ဝတ်စုံများကိုလည်း အပ်သူများစိတ်တိုင်းကျချုပ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ တိုက်ပုံအင်္ကျီ၊ ရှပ်အင်္ကျီနှင့် အနောက်တိုင်းဝတ်စုံ အမျိုးမျိုးကို ချုပ်လုပ်ပေးလျက်ရှိပြီး နေ့ချင်းပြီးနှင့် အိမ်အရောက်ပို့၊ ဌာနဆိုင်ရာ အရောက်ပို့စနစ်များဖြင့်ပါ ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။ ယခုအခါ နေပြည်တော် သပြေကုန်းဈေး အမှတ် (န ၅၄/၅၅/ ၅၆)၌ ဆိုင်ခွဲဖွင့်လှစ်ထားပြီး ဖြစ်သည်။

မေတ္တာလက်ဆောင်

ဆက်သွယ်လိုပါက ရန်ကုန်တွင် ဖက်စ်- ၉၅-၁-၃၉၁၅၇၈၊ ဖုန်း-၀၁- ၃၈၅၁၃၆နှင့် ၃၇၂၇၄၃၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၄၆ နှင့် ၀၆၇-၄၁၄၈၂၂ လိုင်းခွဲ-၈၄၆ ဖြစ်ပြီး ဆိုင်မှ ပိတ်စဖြင့် လေးထည်ချုပ်ပါက တစ်ထည် မေတ္တာ လက်ဆောင်ထပ်မံချုပ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ - ထိုင်း စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ထိုင်းနိုင်ငံ Board of Investment (BOI) မှ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်၍ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပူးပေါင်းပြီး မြန်မာ - ထိုင်း စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ ကျင်းပမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များသည် စားသောက်ကုန်လုပ်ငန်း၊ သကြားနှင့် ဆက်စပ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်း၊ လျှပ်စစ်နှင့် ဆက်စပ်သော ကိရိယာပစ္စည်းများလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးသုံး ပစ္စည်းကိရိယာများ လုပ်ငန်း စသည့် စီးပွားရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရန်နှင့် ရောင်းဝယ်မှုပြုလုပ်နိုင်ရန် ဆွေးနွေးကြမည် ဖြစ်သည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသော မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သည်/စက်မှုအသင်းချုပ်ရုံး ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မောင်တောမြို့၌ စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

မောင်တော ဇန်နဝါရီ ၁၄

မောင်တောမြို့ အလယ်သံကျော်ကျေးရွာ၌ သုတတံခွန်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၈ရက် နံနက် ၁၀နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့က အဆောက်အအုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်သည်။

ဟောပြော

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးထွန်းနိုင်လင်းက စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးခိုင်မြဲရေးနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်မြမြဝင်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်တို့ကို ဟောပြောသည်။ ထို့နောက် စာကြည့်တိုက်အတွက် အေရှားဝင်းနားကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်နိုင်က တီဗွီ အပေါ်စက်၊ အောက်စက်၊ ဆိုလာပြား၊ ပရိဘောဂနှင့်စာအုပ်များဝယ်ယူရန် ငွေကျပ် ၁၀သိန်း၊ အုတ်နံရံအတွက် ငွေကျပ် ငါးသိန်း လှူဒါန်းပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပျိုးဥယျာဉ်အတွင်း အရိပ်ရအပင်များ ပျိုးထောင်နေမှုကို ဒီဇင်ဘာ၃ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် အငယ်တန်း အင်ဂျင် နီယာ (၃) ဦးသိန်းဇော်လတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါးအမှု ၂၉၈ မှု၊ တရားခံ ၄၇၂ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဇန်နဝါရီ ၁၄

၂၀၁၀ခုနှစ် ဒီဇင်ဘာလအတွင်း တာဝန်ရှိသူများက မူးယစ်ဆေးဝါး အမှုပေါင်း ၂၉၈မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၇မှု အလေးချိန် ၁၀၀ ဒသမ ၅၃၈ ကီလို၊ ဘိန်းဖြူ ၁၂၇မှု အလေးချိန် ၁ ဒသမ ၅၆၃ ကီလို၊ ဘိန်းဆီခုနစ်မှု အလေးချိန် ၀ဒသမ ၉၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၈မှု အလေးချိန် ၁၂ဒသမ ၇၅၅ ကီလို၊ ဆေးခြောက် ၁၇မှု အလေးချိန် ၁၄ဒသမ ၇၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၅မှု ၁၀၁၆၉၀ ပြား၊ ဘိန်းစာမှုန့် ၁၃ မှု အလေးချိန် ၄၆ဒသမ ၂၁၅ ကီလို၊ ဘိန်းဆီရည် တစ်မှု အလေးချိန် ၀ဒသမ ၅လစ်တာ၊ ဘိန်းရည် တစ်မှု အလေးချိန် ၂၇၃ဒသမ ၈၈ လစ်တာ၊ အက်ဖီဒရင်းတစ်မှု အလေးချိန် ၀ဒသမ ၈၅ ကီလို၊ မော်ဖင်း ထိုးဆေးကိုးပုလင်း၊ အမိုနီယမ်ကလိုရိုဒ် ၂၈ကီလိုနှင့် အခြားအမှုတစ်မှု ဖမ်းဆီးရမိခဲ့သည်။

အမှုပေါင်း ၂၉၈မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၈၁ ဦး၊ မ ၉၁ဦး စုစုပေါင်း တရားခံ ၄၇၂ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လှုပ်ရှားမှုမြင်ကွင်း

အားနှင့်မာန်နှင့် ယှဉ်ပြိုင်

ဇန်နဝါရီ ၄ ရက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်၌ ကျင်းပသော လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲတွင် ကလေးငယ်များ၏ အားနှင့်မာန်နှင့် အပြေးပြိုင်ပွဲပါဝင်ယှဉ်ပြိုင်မှုမြင်ကွင်း....။ **(၁၆၄)**

မြဝတီရုပ်မြင်သံကြား

၁၅-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ တရားတော်
- ၇း၂၀ ၄။ ဓမ္မပူဇာတေး
- ၇း၂၅ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၂၀ ၄။ အဖွင့်သီချင်း
- ၁၁း၂၅ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၂၁)
- ၁၂း၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ပန်းတစ္ဆေ** [ဒါရိုက်တာ-မျိုးထူး]
- ၁၃း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄း၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၃၂)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၃ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄း၃၅ ၈။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄း၄၅ ၉။ ကုန်သွယ်သုတ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၅ ၁၁။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ **စားဖိုဆောင်ချစ်သူ**
- ၆း၅၀ ၁၅။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၂၈)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ လူရွှင်တော်စတား
- ၂၂။ အင်္ဂလိပ်စာသုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းသမားခုနစ်ဖော်** (အပိုင်း-၃၆)
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၁၉)

❍ ရှေ့ဖုံးမှ

ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ တိုင်းရင်းသားရိုးရာအက အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်တို့က ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆေးရုံဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆေးရုံအဆောက်အအုံရှိ မော်ကွန်းကမ္ပည်းကျောက်ပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဆေးရုံဖွင့်ပွဲအခမ်းအနားအစီအစဉ်များကို ဆေးရုံဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပသည်။

သာလွန်ကောင်းမွန်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ဖွင့်လှစ်လိုက်သည့် ခုတင်(၁၀၀) ဆေးရုံကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်း

ဆိုင်ရာ အခြေခံအဆောက်အအုံများ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်နိုင်ငံလုံး လွှမ်းခြုံပြီး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးလျက်ရှိရာတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနည်းတူ ကျန်ပြည်ထောင်စုကြီးတစ်ဝန်းလုံးတွင်လည်း မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူများ မျက်မြင်ထင်ရှား တွေ့မြင်ခံစားနေကြရပြီ ဖြစ်ကြောင်း။

ထူထောင်ပေး

ဧရာဝတီတိုင်းဒေသကြီး၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းအခြေအနေထက် သာလွန်ကောင်းမွန်အောင် ခုတင် (၂၀၀)ဆေးရုံငါးရုံ၊ ခုတင် (၁၀၀)ဆေးရုံသုံးရုံ၊ ခုတင် (၅၀)ဆေးရုံ ငါးရုံ၊ (၂၅)ခုတင် ဆေးရုံ

ဗဟုသုတများ တိုးတက်မြင့်မားလာခြင်းစသည့် သိသာထင်ရှားသော ရလဒ်ကောင်းများ ဖြစ်ပေါ်လာခဲ့ပြီဖြစ်ကြောင်း၊ ယခုလိုရရှိထားပြီးဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု အရှိန်အဟုန်ကောင်းများကို ထိန်းသိမ်းပြီး အမျိုးသားကျန်းမာရေး ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်အောင် ဆက်လက်ဆောင်ရွက်ရင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားသည့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်မှ ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များကို မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ပြည့်မီနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အထောက်အကူပြု

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေး

> နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေး...
> ဆံ့ ပြည်သူ့ဆေးရုံကြီး ဆိုင်းဘုတ်ကို စက်ခလု...

မိမိတို့ဆေးရုံများ၊ ကျန်းမာရေးဌာနများ...
ဆောင်ရွက်ကြရာတွင်လည်း ပြည်သူလူထုစိတ်...
ပြည့်ဝစေအောင် လှိုက်လှဲနွေးထွေးစွာ ဝန်ဆောင်မှု...
သို့ ကျေးလက်ဒေသများအထိ ကျန်းမာရေးပည...
ဆောင်ရွက်သွားကြရန်လည်း အရေးကြီးကြော...
တွင်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်...
တွင် ဆေးရုံသင်္ဘောကြီးများ၊ နယ်လှည့်ဆေး...
ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည့်အတွက် ကျေးရွာ...
ကွင်းဆင်းဆောင်ရွက်ခဲ့သည့် ကျန်းမာရေးစော...
ပိုမိုသိရှိနားလည်ထားမည်ဟု ယုံကြည်ကြော...

ဝေမျှခံစားနိုင်

ပြည်သူများ၏ ကျန်းမာရေးမဏ္ဍိုင်...
နိုင်ငံတော်အပိုင်းက လိုအပ်သည့် ကျန်းမာရေး...
ကျန်းမာရေးဝန်ထမ်းများကို ထူထောင်ဖြည့်ဆ...
ဖြစ်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများအနေ...
အအုံများကို နိုင်ငံသားအားလုံး တန်းတူရည်...

> တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ...
> ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့...

များထဲမှ အောင်မြင်ပြီးမြောက်ခဲ့သော လုပ်ငန်းကြီးတစ်ခုပင်ဖြစ်ကြောင်း၊ အလားတူ နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ဆုံးရှုံးမှုများကြားမှ ပြန်လည်ထူထောင်နိုင်ခဲ့သည့် ဧရာဝတီသားများ၏ စိတ်ဓာတ်ကို ဖော်ပြနေခြင်းဖြစ်သည့်အပြင် **မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် အစားထိုးအံ့**ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ ဩဝါဒလမ်းညွှန်ချက်နှင့်အညီ ပြိုပျက်သွားသော အဟောင်းအဟောင်းများနေရာတွင် မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် အသစ်အသစ်များကို ပြန်လည်ထူထောင်နိုင်ခဲ့သည်ကို အားလုံးတွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီး၏ နာဂစ်မုန်တိုင်းသင့်ဒေသများတွင် လပွတ္တာ ခုတင်(၂၀၀)ဆေးရုံကြီး၊ ဖျာပုံမြို့နယ် ခုတင်(၂၀၀)ဆေးရုံကြီးနှင့် ပြင်စလူမြို့နယ်ခွဲ (၂၅)ခုတင်ဆေးရုံတို့ကို ယမန်နှစ်အတွင်းက ဖွင့်လှစ်ခဲ့ပြီးနောက် ယနေ့ မော်လမြိုင်ကျွန်းဆေးရုံကြီးနှင့် ဤဆေးရုံကြီးတို့ကို ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊ ဤဆေးရုံသစ်ကြီးများ ဖွင့်လှစ်ပေးနိုင်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း မိမိတို့၏ခရိုင်၊ မြို့နယ်များအတွင်းမှာပင် လက်လှမ်းတမီ ဆေးဝါးကုသနိုင်တော့မည်ဖြစ်သည့်အတွက် ဤဒေသကြီး၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းသည်လည်း မူလအခြေအနေထက် ပိုမိုသာလွန်မြင့်မား တိုးတက်လာတော့မည်ဖြစ်ကြောင်း။

ရရှိခံစား

ဘိုကလေးမြို့နယ်တွင် မူလကမြို့နယ်အဆင့် ခုတင် (၅၀)ဆေးရုံသာရှိခဲ့ပြီး ယင်းဆေးရုံသည်လည်း နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ဤဆေးရုံကြီး ဖွင့်လှစ်ပေးလိုက်သည့်အပြင် မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် တိုက်နယ်ဆေးရုံ သုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၃ခု ရှိနေပြီဖြစ်သည့်အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၀ ခု၊ ကျေးရွာပေါင်း ၅၇၅ ရွာတွင်ရှိနေသည့် ပြည်သူလူထု(သုံးသိန်းကျော်)သည် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ပိုမိုမြင့်မားစွာ ရရှိခံစားလာကြတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့ချိန်မှစပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးရအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစွန့်ရှည်တည်တံ့ခိုင်မြဲအောင်၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းလုံခြုံပြီး တရားဥပဒေစိုးမိုးမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ တစ်ချိန်တည်းမှာပင် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာအောင်၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ၊ ပညာရေးနှင့်ကျန်းမာရေး

၁၆ရုံ၊ တိုက်နယ်ဆေးရုံ ၆၁ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၂၀၃ခု၊ မိခင်ကလေးကျန်းမာရေးဌာန ၄၂ခု၊ ဒေသန္တရကျန်းမာရေးဌာန သုံးခု၊ ကျောင်းကျန်းမာရေးအဖွဲ့ကိုးဖွဲ့၊ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံတစ်ရုံနှင့် တိုင်းရင်းဆေးကုဌာန ၃၁ခုအထိ ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ ဒေသခံလူငယ် လူရွယ်များအနေဖြင့် ဒေသတွင်းမှာပင် ကျန်းမာရေးပညာများ လက်လှမ်းတမီ သင်ယူပြီး ဒေသ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အလုပ်အကျွေးပြု ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် ဤတိုင်းဒေသကြီးအတွင်း သူနာပြုသင်တန်းကျောင်းနှစ်ကျောင်းနှင့် သားဖွားသင်တန်းကျောင်း တစ်ကျောင်းတို့ကို ဖွင့်လှစ်ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးမဏ္ဍိုင်ကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအခြေခံအဆောက်အအုံပိုင်းရော၊ ကျန်းမာရေး

Htoo Trading Co.,Ltd. ဥက္ကဋ္ဌ ဦးတေဇက ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ပိုင်းမှာပါ အလေးထားပြီး မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့်အတွက် လူ့သက်တမ်းမြင့်မားလာခြင်း၊ ရောဂါကြီးများ၏ ဘေးဆိုးကပ်ဆိုးမှ ကင်းဝေးလာခြင်း၊ မိခင်နှင့်ကလေး သေဆုံးမှုနှုန်းထားကျဆင်းလာခြင်း၊ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အသိပညာ၊

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွက် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝပြီးဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရည်းအသွေးမြင့်မားကာ အလုပ်ကို ကြိုးစားပမ်းစားလုပ်ကိုင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ခိုင်မာတောင့်တင်းရန် လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက အထောက်အကူပြု ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှု ပညာရပ်ပိုင်းဆိုင်ရာများ စဉ်ဆက်မပြတ် တိုးတက်မြင့်မားနေအောင် အစဉ်လေ့လာ သင်ယူနေကြရန် လိုအပ်သကဲ့သို့ ပြည်သူများအကြား ကျန်းမာရေးအသိ ပိုမိုကျယ်ပြန့်စွာ သိမြင်လာပြီး ကျန်းမာရေးသတိပိုမိုမြင့်မားလာအောင် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂလိမာလသုတ် ဓာတ်သမ္ဗုဒ္ဓ သုတ်၊ ဗုဒ္ဓကာ ညီသုတ် (ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်)
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ဗောဇ္ဈင်္ဂသုတ်** တရားတော် (အပိုင်း-၇) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၆)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၃)
၈:၄၀	SONY & Camera မိတ်ဆက်ပွဲနှင့် ဓာတ်ပုံရိုက်ပြိုင်ပွဲ
၈:၅၀	ပီတိလွန်ကဲ...သရက်ချောင်းရဲ့ မြတ်ဆရာပူဇော်ပွဲ
၉:၁၀	ပုသိမ်မြို့အလှရာပုံတော်
၉:၃၀	Global Panorama (ကိုကိုလှိုင် ၊ မျိုးမြတ်သူ)
၁၀:၀၀	လှပတင့်တယ်ကယားရိုးရာ ရက်ကန်းအထည်
၁၀:၁၀	သွားမယ်စားမယ် (အဝစားဟော့ပေါ့နှင့်အသားကင်)
၁၀:၄၅	ပန်းချီပြခန်း (Going Together ပန်းချီပြပွဲ)
၁၁:၀၀	အထူးကုများအစီအစဉ် **အရိုးအဆစ်ရောဂါများ**
၁၁:၂၀	ဟိုတယ်လမ်းညွှန် (The Hotel Amara NAYPYITAW)
၁၂:၀၀	သူတို့ပြောတဲ့သူတို့အကြောင်း သရုပ်ဆောင်ဒါရိုက်တာဝိုင်းနှင့် တွေ့ဆုံခြင်း
၁၂:၃၀	ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
၁၂:၄၀	ရန်ကုန်မြင်ကွင်းကျယ် (A Model of Strategic Human Capital Management ဆွေးနွေးဟောပြောပွဲ)
၁:၀၀	**ဗောဇ္ဈင်္ဂသုတ်** တရားတော် (အပိုင်း-၇) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Vj Choice
၃:၀၀	ဓမ္မဒူတတောရမှယဉ်ကျေးလိမ္မာ ဓမ္မပန်းကလေးများ
၃:၁၀	ရန်ကုန်မြင်ကွင်းကျယ် (Family Fun Fair)
၃:၂၀	MFF'S 2010 Awards ဆုပေးပွဲအခမ်းအနား
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၃)
၄:၄၅	ရန်ကုန်မြင်ကွင်းကျယ် (၁၉၇၅-၈၀ B.A (Law) LLB ဘွဲ့ရပုလဲရတုအထိမ်းအမှတ် စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲ)
၅:၀၀	Sports Diary
၅:၃၀	ရန်ကုန်မြင်ကွင်းကျယ် ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ ဆွမ်းကျွေးမင်္ဂလာအခမ်းအနား
၆:၀၀	MRTV-4 သတင်း
၆:၂၀	**Movie Talk** (ဒါရိုက်တာ ကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၅)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း -၁၃၇)
၇:၂၀	Chatrium Dream Wedding Fair 2010 (Part-3)
၇:၄၀	၁၉၇၁-၇၅ ခုနှစ်သချ်ာ ကျောင်းသား ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ
၈:၀၀	MRTV-4 သတင်း
၈:၃၀	Kid's Show (ရွှေပြည်နန်း ကလေးသရုပ်ဆောင် ပြိုင်ပွဲ) (အပိုင်း-၁)
၉:၂၅	**Barclays Premier League (Man City Vs Wolverhampton)**
၁၀:၂၅	လှပချစ်စရာလက်မှုအနုပညာ (Sweet Pink)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်... တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ... တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာ...

Barclays Premier League ...

ညပိုင်း	ပွဲစဉ်
၉:၂၅	Chelsea - Blackburn
	Man City - Wolverhampton
၁၁:၅၅	West Ham - Arsenal

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေးမြို့နယ် ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မိမိတို့ဆေးရုံများ၊ ကျန်းမာရေးဌာနများ၌ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာတွင်လည်း ပြည်သူလူထုစိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှု ပြည့်ဝစေအောင် လိုက်လျောညွှေထွေးစွာ ဝန်ဆောင်မှုပေးကြရန် အရေးကြီးသကဲ့သို့ ကျေးလက်ဒေသများအထိ ကျန်းမာရေးပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန်လည်း အရေးကြီးကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် နာဂစ်မုန်တိုင်းလွန်ကာလတွင် ဆေးရုံသင်္ဘောကြီးများ၊ နယ်လှည့်ဆေးခန်းများ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည့်အတွက် ကျေးရွာအရောက် ခရီးပေါက်အောင် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှု၏ အရေးပါမှုကို ပိုမိုသိရှိနားလည်ထားမည်ဟု ယုံကြည်ကြောင်း။

ဝေမျှခံစားနိုင်

ပြည်သူများ၏ ကျန်းမာရေးမဏ္ဍိုင် ကြံ့ခိုင်တောင့်တင်းစေရန် နိုင်ငံတော်အပိုင်းက လိုအပ်သည့် ကျန်းမာရေးအခြေခံအဆောက်အအုံများ ကျန်းမာရေးဝန်ထမ်းများကို ထူထောင်ဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီးဖြစ်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဤအခြေခံအဆောက်အအုံများကို နိုင်ငံသားအားလုံး တန်းတူရည်တူ ဝေမျှခံစားနိုင်ကြစေရန်၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်ဒေသများအပါအဝင် တိုင်းဒေသကြီးတစ်ခုလုံး လွှမ်းခြုံကျယ်ပြန့်လာစေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးအတွက် ၂၄နာရီကာလပတ်လုံး အချိန်ပြည့် တာဝန်ရှိနေသည့်အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အားကိုးထိုက်သော ကျန်းမာရေးဝန်ထမ်းကောင်းများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

တိုက်တွန်းမှာကြား

နိဂုံးချုပ်ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် ရည်ရွယ်ချက်မြင့်မြင့်မားမားဖြင့် ထူထောင်တည်ဆောက်ပေးထားခဲ့သော ဤဆေးရုံကြီးအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်း၊ အုတ်မြစ်ကောင်းများကို ဂုဏ်ယူမြတ်နိုးစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြပါ။ ဝန်ထမ်းများအနေဖြင့် မိမိတို့ထမ်းဆောင်ရမည့်တာဝန်၊ ကျေပွန်ရမည့် ဝတ္တရား၊ ပြည့်ဝရမည့် အရည်အချင်းများကို အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်သွားကြပါ။ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးလုပ်ငန်းတာဝန် မလွဲမသွေ အောင်မြင်ရမည်ဟူသော ယုံကြည်ချက်သန္နိဋ္ဌာန်စိတ်ဖြင့် မိမိတို့ကျရာကဏ္ဍ အသီးသီးမှ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆေးရုံကို တာဝန်ယူတည်ဆောက်ခဲ့သည့် Htoo Trading Co., Ltd. ဉက္ကဋ္ဌ ဦးတေဇက ဆေးရုံနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်ထံ လွှဲပြောင်းပေးအပ်ပြီး ဆေးရုံရှိ ဆရာဝန်များ အင်တာနက်အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၄၀၀တန်ဖိုးရှိ IP Star System Computer ငါးစုံ၊ ငွေကျပ်သိန်း ၁၂၀တန် 100 KVA ဓာတ်အားပေးစက်တစ်လုံး၊ ပရိဘောဂပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများ၊ ငွေကျပ်သိန်း ၃၅၀တန်ဖိုးရှိ လူနာတင်ယာဉ်နှင့် ဆေးရုံပြင်ဆင် ထိန်းသိမ်းရေးငွေပဒေသာပင် ကျပ်သိန်း ၃၀၀တို့ကို ဆေးရုံအုပ်ကြီး ဒေါက်တာသန်းငွေအောင်ထံ ပေးအပ်လှူဒါန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို မြေဧရိယာ ၃၁ဒသမ ၉၈ဧကပေါ်တွင် တည်ဆောက်ထားပြီး စုစုပေါင်းကြမ်းခင်းဧရိယာ ၅၇၄၄၀ စတုရန်းပေရှိသည်။

ဆေးရုံကို Htoo Trading Co.,Ltd. က တာဝန်ယူဆောက်လုပ်ခဲ့ပြီး ဆေးရုံအဆောက်အအုံတွင် ပင်မဆောင်နှင့် လူနာဆောင်သုံးဆောင်ကို တည်ဆောက်ထားသည်။

ဆေးရုံတွင် ပြင်ပလူနာဌာန၊ အထွေထွေရောဂါကုသဆောင်၊ မီးယပ်၊ သားဖွားနှင့် ကလေးကုသဆောင်၊ အရိုးအကြောနှင့် ခွဲစိတ်ကုသဆောင်တို့ ပါဝင်သည်။

ဘိုကလေးမြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသည် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဆိုးရွားစွာ ပျက်စီးဆုံးရှုံးခဲ့သဖြင့် နိုင်ငံတော်က ယခုကဲ့သို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်၍ အသစ်တည်ဆောက် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဝန်ကြီး ဦးသိန်းအောင်တို့ ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

၅း၃၀	ရန်ကုန်မြင်ကွင်းကျယ် ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ ဆွမ်းကျွေးမင်္ဂလာအခမ်းအနား
၆း၀၀	MRTV-4 သတင်း
၆း၂၀	**Movie Talk** (ဒါရိုက်တာ ကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၅)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း -၁၃၇)
၇း၂၀	Chatrium Dream Wedding Fair 2010 (Part-3)
၇း၄၀	၁၉၇၁-၇၅ ခုနှစ်သချာ ကျောင်းသား ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid's Show (ရွှေပြည်နန်း ကလေးသရုပ်ဆောင်ပြိုင်ပွဲ) (အပိုင်း-၁)
၉း၂၅	**Barclays Premier League (Man City Vs Wolverhampton)**
၁၀း၂၅	လှပချစ်စရာလက်မှုအနုပညာ (Sweet Pink)
၁၁း၅၅	**Barclays Premier League (West Ham Vs Arsenal)**
၁း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၄)
၂း၄၀	သီးနှံစိုက်ပျိုးအထွက်တိုး စပါးပန်းတိုင်အထွက်နှုန်း
၂း၄၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (နိုင်ငံတကာဆုရမြန်မာ့တိုင်းရင်းအလှမွေးငါးများ)
၃း၀၀	ကုသိုလ်ဖြစ်ကျန်းမာရေး စစ်ဆေးခြင်း (Lumine Perfect Health)
၃း၂၀	World of Knowledge (Inside Super Truck Rally)
၄း၀၅	ရောင်စုံရသနီယွန်ည
၄း၄၀	**ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၄း၅၀	သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၅း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၉း၂၅	Chelsea - Blackburn	ESPN (Live)
	Man City - Wolverhampton	Star Sports (Live)
၁၁း၅၅	West Ham - Arsenal	ESPN (Live)

သတ္တုတွင်းဝန်ကြီး ဦးအုန်းမြင့် ပြည်တွင်းပုလဲရောင်းချပွဲ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ အကြိမ်(၃၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့သည်။

ကြည့်ရှုစစ်ဆေး

အဆိုပါရောင်းချပွဲသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းတွင် လာရောက်၍ ခင်းကျင်းထားသော ပုလဲများကို ကြည့်ရှုစစ်ဆေးပြီး ပုလဲကုန်သည်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ အကြိမ်(၃၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ၌ ပုလဲကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုအား ယင်းဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဦးခင်မောင်တင်အား ဂျပန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌသည် ဦးခင်မောင်တင်အား ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ပါကစ္စတန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးတင်ဦးအား တရုတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌသည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးတင်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

အီဂျစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးဦးတင်ယုအား မော်ရိုကိုနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဦးကျော်စွာမင်းအား ပြင်သစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး နယူးယောက်မြို့ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးကျော်စွာမင်းအား ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဦးမင်းလွင်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

ရှေးဦးစွာ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ကြမည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် စုရပ်နေရာမှခရိုင်အားကစားကွင်းသို့ ချီတက်လာရာလမ်းတစ်လျှောက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း)အဖွဲ့ တပ်ဖွဲ့ဝင်တစ်ဦးက လက်နက်များအပ်နှံရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားရာတွင် ‘‘ကျွန်တော်တို့ယခုလို လက်နက်စွန့်လွှတ်အပ်နှံခြင်းမှာ မည်သူ့တိုက်တွန်းမှုမျှမပါဘဲ ကျွန်တော်တို့တပ်ဖွဲ့ဝင်အားလုံးရဲ့ တူညီတဲ့သဘောဆန္ဒအရ အပ်နှံခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တောတွင်းဘဝကိုနှစ်မြှုပ်ရာမှ ရုန်းမထွက်ဘဲ အမှန်ကို အမှန်မမြင်ဘဲ၊ အမှားကိုသာ အမှန်လို့ထင်ပြီး ကျေနပ်နေခဲ့ပါတယ်၊ ဒါပေမယ့် နှစ်တွေကြာလာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ လက်နက်ကိုင်ထားခြင်းဟာ ကျွန်တော်တို့အတွက် ဒေသခံပြည်သူများနဲ့ နိုင်ငံအတွက် အကျိုးမရှိကြောင်းသိရှိလာခဲ့ပါတယ်။ ဒါကြောင့် ဒီလက်နက်တွေကိုစွန့်ပြီး နိုင်ငံတော်က ယနေ့ဖော်ဆောင်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆောင်ရွက်ခြင်းသည်သာ စစ်မှန်ကောင်းမွန်တဲ့ ဒီမိုကရေစီလုပ်ဆောင်ချက်တွေပဲလို့ သဘောပေါက်နားလည်စွာနဲ့ လက်နက်တွေကို စွန့်လွှတ်လိုခြင်းပဲဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုကို ကျေးသားရင်သား မခွဲခြားဘဲ တောင်ပေါ်မြေပြန့် တစ်သွေးတည်းတစ်သားတည်း မျှမျှတတနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာကို နေ့စဉ်နှင့်အမျှ တွေ့နေရပါတယ်။ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးရေးဒေသကြီးတွေသတ်မှတ်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ ဖွံ့ဖြိုးတိုးတက်အောင် နေ့ချင်းညချင်း အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးနေတာကို တွေ့နေရပါတယ်။

အကြွင်းမဲ့ယုံကြည်

‘‘၂၀၀၈ ခုနှစ်က အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေဟာလည်း ကျွန်တော်တို့လိုချင်တောင့်တခဲ့တဲ့ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကွာဟမှုအနည်းဆုံးအခွင့်အရေးရကြမှာ ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ အပြုအမူနဲ့ စေတနာတွေအပေါ် ကျွန်တော်တို့အနေနဲ့ အကြွင်းမဲ့ယုံကြည်လာခဲ့ပြီး ဖြစ်ပါတယ်။ အခုချိန်ဟာ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်နေချိန် ဖြစ်တဲ့အတွက် ကျွန်တော်တို့ညီအစ်ကိုမောင်နှမအားလုံးအတွက် အခွင့်အခါကောင်းလို့လည်း ပြောလို့ရပါတယ်။

‘‘နိဂုံးချုပ်အနေနဲ့ အခုလို ကျွန်တော်တို့ အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း)အဖွဲ့မှ ငြိမ်းချမ်းရေးကို လက်နက်နဲ့လဲလှယ်ခဲ့တဲ့အပေါ် သဘောထားကြီးစွာထားရှိပြီး စေတနာမှန်ကန်စွာဖြင့် လက်ခံပေးပါသော နိုင်ငံတော်အစိုးရအားလည်းကောင်း၊ တစ်ချိန်က မှားယွင်းခဲ့တဲ့ ကျွန်တော်တို့ရဲ့ လုပ်ရပ်များအပေါ် နားလည်ခွင့်လွှတ်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုလက်ခံကြတဲ့ နယ်မြေခံတိုင်းရင်းသား ပြည်သူလူထုအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါတယ်’’ ဟု ပြောကြားသည်။

ယင်းနောက် ဒေသခံတိုင်းရင်းသူ ဒေါ်အေးမို့မို့ထွန်းက မြန်မာဘာသာဖြင့်လည်းကောင်း၊ ဒေါ်နန်းမွေဖောင်က ရှမ်းဘာသာဖြင့်လည်းကောင်း ဒေသခံတိုင်းရင်းသားပြည်သူများ ကိုယ်စား လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုကြောင်း ပြောကြားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း)အဖွဲ့မှ ၎င်းတို့၏ လက်နက်မျိုးစုံ၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တိုင်းမှူးထံအပ်နှံသည်။ ဆက်လက်၍ တိုင်းမှူးက အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း) အဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့်မိသားစုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆန်၊ ဆီ၊ အိမ်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာကြသည့် တပ်ဖွဲ့ဝင်များနှင့် မှီခိုသူမိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် တပ်ဖွဲ့ဝင်များသည် ရိုးရာအိုးစည်၊ ဗုံ၊ မောင်းများဖြင့် တပျော်တပါး စုပေါင်းကခုန်ကြသည်။

အဆိုပါ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခြင်း အခမ်းအနားတွင် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ် ဝင်ရောက်လာကြသည့် အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း) အဖွဲ့သည် တပ်ဖွဲ့ဝင်ပေါင်း ၃၈ ဦးနှင့် မှီခိုသူမိသားစု ၂၁ ဦး စုစုပေါင်း ၅၉ဦး၊ လက်နက်မျိုးစုံ ၃၃ လက်၊ ခဲယမ်းမျိုးစုံ ၇၁၀နှင့် ကျည်ကတ်မျိုးစုံ ၃၄ ခု တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးထံ အက်စ်အက်စ်အေ-အက်စ် (ဝမ်ယိန်း) အဖွဲ့မှ ၎င်းတို့၏ လက်နက်မျိုးစုံ၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို အပ်နှံကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) အက်စ်အက်စ်အေ-အက်စ်(ဝမ်ယိန်း)အဖွဲ့မှ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။ (သတင်းစဉ်)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

လူငယ်(ရေကြောင်း)ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဓနုဖြူရုံ ကြားတောရလမ်းမကြီး ဗဟန်းမြို့နယ် ရန်ကုန်မြို့ (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးနှင့် မျက်နှာချင်းဆိုင်)၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဦးအောင်ချိုမင်း ဖုန်း-၀၉-၈၀၃၄၆၈၆၊ ဒေါ်ခင်မမချို ဖုန်း-၀၉-၉၉၇၃၇၄၆၊ ဒေါ်အိအိသန့် ဖုန်း-၀၉-၅၁ ၃၀၁၉၆၊ ဦးဖုန်းမော် ဖုန်း-၂၄၉၇၄၉၊ ဦးဟန်ထွေးအောင် ဖုန်း- ၀၉-၅၁ ၀၅၈၁၅၊ ဒေါ်ကေသီဦး ဖုန်း-၅၂၄၆၂၈၊ ဦးကျော်ရင် ဖုန်း-၀၉-၈၆ ၁၆၈၃၄၊ ဦးဇော်ဝင်း ဖုန်း-၀၉- ၅၀ ၄၅၆၉၁၊ ဦးအောင်နိုင် (ဗဟန်း)ဖုန်း-၀၉-၅၀ ၄၇၁၅၉တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တောင်ပိုင်းစွန်းဒေသများ၌ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၄

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၁၅ရက်ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ဖီဖာ၏ အဆင့်သတ်မှတ်ချက် စပိန်အသင်းထိပ်ဆုံး၌ ရပ်တည်နေ

ကိုင်ရို ဇန်နဝါရီ ၁၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၁၁ခုနှစ် ဇန်နဝါရီလအတွက် နိုင်ငံတကာအသင်းများ၏ အဆင့်သတ်မှတ်ချက်ကို ဇန်နဝါရီ ၁၂ရက်က ထုတ်ပြန်လိုက်ရာ ၂၀၁၀ကမ္ဘာ့ဖလားချန်ပီယံစပိန် **(အပေါ်ပုံ)**က အဆင့်တစ်၊ နယ်သာလန်က အဆင့်နှစ်နှင့် ဂျာမနီအသင်းက အဆင့်သုံးနေရာ၌ရပ်တည်ကြောင်း ဖော်ပြထားသည်။

ရောက်ရှိ

အာဖရိကအသင်းများနှင့် အာရပ်အသင်းများလည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက် တိုးမြှင့်လာခဲ့သည်။ အီဂျစ်အသင်းက ဒသမအဆင့်သို့ ရောက်ရှိလာပြီး ဖာရိုးကျွန်းစုအသင်းက အမှတ် ၁၀၃၆ဖြင့် နောက်ဆုံးအဆင့်သို့ ရောက်ရှိသွားသည်။ ခရိုအေးရှားအသင်းက နဝမအဆင့်သို့ ရောက်ရှိလာသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလက ထိပ်ပိုင်းအသင်း ၂၀ ၏ ရပ်တည်မှုအဆင့်နှင့်နှိုင်းယှဉ်လျှင် နှစ်နေရာပြောင်းလဲသွားသည်။ အာရပ်အသင်းများ၏ သီးခြားရပ်တည်မှုအနေအထားကိုကြည့်လျှင် အယ်လ်ဂျီးရီးယားအသင်းက ဒုတိယနေရာသို့ ရောက်ရှိလာသည်။ ထို့အတူ အာဖရိကအသင်းများ၏ရပ်တည်မှု အနေအထားကို ကြည့်လျှင် ဂါနာအသင်းက ဒုတိယနေရာသို့ တက်ရောက်လာကြောင်း ဖော်ပြထားသည်။

ဘရာဇီးအသင်းမှာမူ စတုတ္ထနေရာ၌ရှိပြီး အာဂျင်တီးနားအသင်းမှာ ပဉ္စမနေရာ၌ရှိသည်။ အင်္ဂလန်အသင်းမှာ ဆဋ္ဌမနေရာ၌ရှိသည်။ ဥရုဂွေး၊ ပေါ်တူဂီ၊ အီဂျစ်၊ ခရိုအေးရှား၊ ဂရိ၊ နော်ဝေ၊ ရုရှား၊ အီတလီ၊ ဂါနာ၊ ဆလိုဗေးနီးယား၊ အမေရိကန်၊ ပြင်သစ်နှင့် ဆလိုဗက်ကီးယားအသင်းတို့ အစဉ်လိုက် ရပ်တည်လျက်ရှိသည်။

ပြီးခဲ့သည့်လက ကျင်းပခဲ့သော အာရှဆူဇူကီးဖလားပြိုင်ပွဲတွင် မလေးရှားအသင်း အောင်မြင်မှုများ ရရှိခဲ့သဖြင့် ဖီဖာ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် ၁၄၄မှ ၁၄၂သို့ တက်ရောက်နိုင်ခဲ့သည်။

ဖီဖာမှယခုထုတ်ပြန်သော အဆင့်သတ်မှတ်ချက်အသစ်တွင် မလေးရှားအသင်းသည် ၁၉၉၃ ခုနှစ်တွင် ရရှိခဲ့သော အဆင့် ၇၅နေရာနှင့် နှိုင်းယှဉ်လျှင် အဆင့်များစွာ ကျဆင်းသွားသည်။

အရှေ့တောင်အာရှ နိုင်ငံများအဆင့်တွင် မလေးရှားအသင်းသည် အဆင့်သတ်မှတ်ချက် ငါးနေရာတွင်ရှိသော်လည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်မူ ထိုင်း(၁၁၉)၊ အင်ဒိုနီးရှား(၁၄၆)၊ ဗီယက်နမ်(၁၃၆)နှင့် စင်ကာပူ(၁၃၉)တို့၏နောက်တွင် ရပ်တည်လျက်ရှိသည်။ အာရှအဆင့်တွင် မလေးရှားသည် အဆင့် (၂၃)နေရာ၌ ရပ်တည်လျက်ရှိသည်။ **(အင်တာနက်)**

အာကာဟိန်း ရေးသားသည်

အဒီဘာယောအား ရီးရဲမက်ဒရစ်ခေါ်ယူမည်

မက်ဒရစ် ဇန်နဝါရီ ၁၄

မန်စီးတီးတိုက်စစ်မှူးအဒီဘာယော(**အောက်အလယ်ပုံ**)အား ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက ခေါ်ယူစာချုပ် ချုပ်လိုကြောင်း ဇန်နဝါရီ ၁၄ရက်၌ ထုတ်ဖော်ပြောကြားသည်။

အဒီဘာယောအား ရီးရဲမက်ဒရစ်က တစ်ပတ်လုပ်ခပေါင် ၁၆၀၀၀၀ဖြင့် ခေါ်ယူလိုကြောင်း၊ အဒီဘာယောအား နေရာပေး ကစားစေမည်ဖြစ်ကြောင်း မော်ရင်ဟိုကပြောကြားသည်။

အဒီဘာယောအား မိုနာကိုအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(အင်တာနက်)**

မြန်မာ့ရုပ်မြင်သံကြား

၁၅-၁-၂၀၁၁(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ ကဗျာပန်းဥယျာဉ်
၈း၂၅ ၇။ တေးဂီတအစီအစဉ်
၈း၄၀ ၈။ International News
၈း၄၅ ၉။ **အမျိုးနှင့်မျိုး**
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀ ၅။ Yan Can Cook
၁၂း၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၇)
၁၃း၃၀ ၇။ **မဟော်သဓာ** (အပိုင်း-၁၅) အားသစ်၊ ဗေလုဝ၊ ဧရာ၊ ငှက်ပျောကြော်၊ ရှက်တယ်၊ ဇင်မျိုး၊ ပပစိုးကြည်၊ ဂွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
၁၄း၀၀ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၄း၁၀ ၉။ **သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်**
၁၄း၂၅ ၁၀။ မူဟာန်သွယ်သွယ်ဆိုကြမယ်
၁၄း၃၅ ၁၁။ အတီးပြိုင်ပွဲ
၁၄း၅၀ ၁၂။ International News

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL Cup (2011) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (နေပြည်တော် အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်း)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၃၀ ၆။ ယဉ်တစ်ကိုယ်မယ်
၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၁၄)
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၉၁)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝမိုးတိမ်**(အပိုင်း-၂၇)
၁၃။ ဂီတတံခါးလေးဖွင့်ပါဦး

ထူးခြားသည့် ညအပူချိန်များ

၁၄-၁-၂၀၁၁

ဟားခါးမြို့ -၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့ ၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့ ၂ ဒီဂရီစင်တီဂရိတ်

အပြောင်းအလဲများစွာ လုပ်ထားသည့် ကမ္ဘောဇ FC ဘောလုံးအသင်း

➤ ➤ သတင်းမှတ်စုနှင့် ဓာတ်ပုံ -ဖိုးသော်ဇင် ➤➤

ရန်ကုန် ဇန်နဝါရီ ၁၄

ကျင်းပပြီးစီးသွားသည့် MNL ပြိုင်ပွဲ လေးကြိမ်တွင် ကမ္ဘောဇ အသင်းသည် ချန်ပီယံဆုမရရှိဖူး သေးသော်လည်း အစဉ်အလာက



နောက်ခံလူ အေးဆန်း။

တော့မသေးပေ။ ပရိုစနစ်ကူးပြောင်းပြီးစတင်ကျင်းပသည့် ၂၀၀၉ MNL CUP ပြိုင်ပွဲတွင် စတုတ္ထ၊ ၂၀၀၉ MNL အမှတ်ပေးပြိုင်ပွဲတွင် တတိယ၊ ၂၀၁၀ MNL အမှတ်ပေး ပြိုင်ပွဲတွင် စတုတ္ထနှင့် ၂၀၁၀ MFF CUP ရှုံးထွက်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ ရောက်ရှိသည်အထိ စွမ်းဆောင်ပြထားသည်။

အသင်းစတင် တည်ထောင်ခဲ့ကတည်းက ကမ္ဘောဇအသင်းသည် နိုင်ငံခြားသား ကစားသမားများ မခေါ်ယူဘဲ မြန်မာ့လက်ရွေးစင်အသင်းကို အထောက်အကူပြုနိုင်ရန် ပြည်တွင်း ကစားသမားများဖြင့် ဖွဲ့စည်းထားသော အသင်းဖြစ်သည်။

ယှဉ်ပြိုင်သွားမည်

၂၀၁၀ခုနှစ်တွင် အမှတ်ပေးပြိုင်ပွဲများမှာရော ရှုံးထွက် ပြိုင်ပွဲမှာပါ ချန်ပီယံဆုကို မျှော်မှန်းနိုင်ခဲ့သော်လည်း ကမ္ဘောဇအသင်းမှာ ပြိုင်ပွဲပြီးဆုံးခါနီးမှ ခြေချော်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ယင်းအတွက်ကြောင့် လာမည့်ပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရန် အပြောင်းအလဲများစွာပြုလုပ်ထားပြီး ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အိုကေမြန်မာကုမ္ပဏီ၏ OK BIG Sale အထူးဈေးရောင်းပွဲတော် ဆက်လက်ကျင်းပ

အိုကေမြန်မာကုမ္ပဏီ၏OK BIG Sale အထူးဈေးရောင်းပွဲတော်တွင် ဝယ်ယူသူများ လာရောက် လေ့လာဝယ်ယူကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၄

အိုကေမြန်မာကုမ္ပဏီ၏ OK BIG Sale အထူးဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၁၃ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းဆုံရှိ Excel Treasure Tower ကားဝင်း၌ ယနေ့ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ဈေးဝယ်သူ ဧည့်ပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် SANYO အမှတ်တံဆိပ် LCD TV၊ရေခဲသေတ္တာနှင့်လေအေးပေးစက်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် သက်သက်သာသာရောင်းချပေး၍ အရေအတွက်ကန့်သတ်ထားသော်လည်း လက်မလည်အောင် ရောင်းအားကောင်းလျက်ရှိသည်။

အလားတူ SANYO Solar ဘက်စုံသုံးမီးအိမ်များမှာ အလင်းအားကောင်းကောင်းနှင့် အကြမ်းခံ၍စာရေးစာဖတ်သူပရိသတ်များ ပိုမိုနှစ်သက်စွာ ဝယ်ယူလျက်ရှိသည်။ ထို့အပြင် ဈေးပွဲတော်ကာလအတွင်း အိမ်သုံး၊ လုပ်ငန်းသုံး Solar အပ်နှံဝယ်ယူသူများကို ကုမ္ပဏီဝန်ထမ်းများကိုယ်တိုင် လိုက်လံတပ်ဆင်ဝန်ဆောင်မှုပေးလျက်ရှိသည်။ SANYO အမှတ်တံဆိပ် ပရိုဂျက်တာများ၊ ကင်မရာများကလည်း ဝါသနာရှင်များ၊ ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများကို များစွာ ဆွဲဆောင်လျက်ရှိသည်။

ဒေဝူးအမှတ်တံဆိပ် အဝတ်လျှော်စက်များကိုလည်း ယခုဈေးပွဲတော်ကာလအတွင်း မူလပေါက်ဈေးထက် လျှော့ချရောင်းချပေး၍ အိမ်ရှင်မများ အထူးနှစ်သက်စွာ ဝယ်ယူအားပေးလျက်ရှိသည်။

ထို့အတူ စားသောက်ဆိုင်များ၊ စတိုးဆိုင်များတွင် မရှိမဖြစ်အသုံးပြုလျက်ရှိသည့်လုပ်ငန်းသုံး HQ Chest Freezer ကိုလည်း လုပ်ငန်းရှင်များအတွက်အထူးရောင်းချပေးလျက်ရှိသည်။

အိုကေမြန်မာကုမ္ပဏီ၏ အထူးဈေးရောင်းပွဲတော် ဖြစ်သည်နှင့်အညီ အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံ၊ နာမည်ကြီးတံဆိပ်အမှတ်အသား အဝတ်အထည်နှင့် အလှကုန် ပစ္စည်းများ၊ Fancy ပစ္စည်းများကိုလည်း အရောင်းပြခန်းအသီးသီးတွင် ရောင်းချပေးလျက်ရှိရာ ဈေးဝယ်သူ ရွှေပွဲလာပရိသတ်များ မိမိနှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

Excel အီလက်ထရွန်နစ်က Midea အမှတ်တံဆိပ် ထမင်းပေါင်းအိုး၊ မီးဖိုအပါအဝင် အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံ၊ TOKYO PIPE ကလည်း ပိုက်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ၊ အာကာအီလက်ထရွန်နစ်နှင့် မောင်မောင်ထွန်းအီလက်ထရွန်နစ်တို့ကလည်း စပီကာမျိုးစုံ၊ Sound Box ၊ မိုက်ကရိုဖုန်းအစရှိသည့် အော်ဒီယိုပစ္စည်းများ၊ လူငယ်ကြိုက်နာမည်ကြီး b'coz အမှတ်တံဆိပ် ဖက်ရှင်ဒီဇိုင်းများနှင့် သီးသန့်အပ်ထည် ဖက်ရှင်ဒီဇိုင်း အမျိုးမျိုး၊ Four Win Co., Ltd. က Q. One အမှတ်တံဆိပ်အဆင့်မြင့် EVD များ၊ HDMIများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

သို့ဖြစ်၍ OK BIG Sale အထူးဈေးရောင်း ပွဲတော်ကြီးကား အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံ၊ အဝတ်အထည်၊ အလှကုန်ပစ္စည်း၊ Fancy ပစ္စည်းများသာမက စားသောက်ကုန်များပါမကျန် ရောင်းချပေးနေ၍ အထူးစုံလင်လှသည်။

ဇန်နဝါရီ ၁၅ရက်နှင့် ၁၆ရက် (စနေနှင့် တနင်္ဂနွေနေ့)တို့တွင် ဈေးဝယ်သူ ရွှေပွဲလာပရိသတ်များနှင့်အတူ Dancer အကအဖွဲ့များ၊ Model များက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အဖြစ် ငွေကျပ်သုံးသိန်းမှ တစ်သောင်းအထိ ထည့်သွင်းထားသောနေ့စဉ် ဗလာမပါကံစမ်းမဲအစီအစဉ်ကလည်း ပရိသတ်များ စွဲမက်ဖွယ်ရာဖြစ်သည်။

သို့ဖြစ်၍ OK BIG Sale အထူးဈေးရောင်းပွဲတော်သည် ပရိသတ်များအတွက် မှတ်မှတ်ရရ အထူးဈေးရောင်းပွဲတော်တစ်ရပ်အဖြစ် ဆက်လက် ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **နောက်ဆုံးရနိုင်ငံတကာသတင်း**

မိုးမြင့်လင်းလက် - စုစည်းသည်



တရုတ်နိုင်ငံအလယ်ပိုင်း၌ ဟိုတယ်မီးလောင် သေဆုံးသူ ၁၀ဦးရှိ

ချန်ရှာ ဇန်နဝါရီ ၁၄

တရုတ်နိုင်ငံအလယ်ပိုင်း ယူနန်ပြည်နယ်တွင် ဇန်နဝါရီ ၁၄ရက်က ဟိုတယ်တစ်လုံးမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၁၀ဦးရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

မီးလောင်မှုမှာ ချန်ရှာမြို့ရှိ ရှီနာဝမ်ဟိုတယ်တွင် ပွဲချင်းပြီး ခြောက်ဦးသေဆုံးခဲ့၍ ဒဏ်ရာရရှိသူ ရှစ်ဦးအား ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း လေးဦး ထပ်မံ၍ သေဆုံးခဲ့ရသည်ဟု အရာရှိများက ပြောကြားသည်။

သေဆုံးသူအများစုမှာ ဟိုတယ်ပြတင်းတံခါးများ ပိတ်ထားသောကြောင့် မီးခိုးငွေ့များ ရှူရှိုက်မိ၍ သေဆုံးခြင်းဖြစ်ကြောင်း ချန်ရှာမြို့တော် မီးသတ်တပ်ဖွဲ့က ပြောကြားသည်။ မီးလောင်ကျွမ်းမှုသည် ၄င်းနေ့ နံနက် ၁ နာရီခန့်တွင် စတင်လောင်ကျွမ်းကာ နံနက် ၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းခဲ့ပြီး လူဦးရေ ၅၀အား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။ မီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ **(အင်တာနက်)**

ရုရှားအရှေ့ဖျားတွင် မီးတောင်မှ ချော်ရည်များပန်းထွက်

ရုရှား ဇန်နဝါရီ ၁၄

ရုရှားနိုင်ငံအရှေ့ဖျားရှိ ကီဇီမန်မီးတောင်သည် ဇန်နဝါရီ ၁၄ ရက်က ပေါက်ကွဲပြီး ချော်ရည်များပန်းထွက်လျက်ရှိကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။ **(ယာပုံ)**

ကီဇီမန်မီးတောင်သည် ကန်(မ်)ချပ်ကာကျွန်းဆွယ်အတွင်း တည်ရှိပြီး ၄င်းမီးတောင်မှ ချော်ရည်ပူများ အလွန်မြင့်မားစွာပန်းထွက်ခဲ့ရာ ၁၆၅ မိုင်ခန့်အကွာရှိ ပတ်ထရိုပါဗလော့ ကန်ချက်စကီမြို့အထိ မီးတောင် ချော်မှုန့်များ ပျံ့လွင့်ခဲ့ကြောင်း သတင်း၌ ဖော်ပြထားသည်။

မီးတောင်ပြာမှုန့်များသည် အနီးဝန်းကျင်ရှိ အနာဂီနှင့် အက်ဆိုကျေးရွာများသို့လည်း ကျရောက်ခဲ့သည်။ ၄င်းရွာများသည် မီးတောင်မှ ၁၃၆ ကီလိုမီတာအကွာခန့်တွင် တည်ရှိသည်။ ကန်(မ်)ချပ်ကာ ကျွန်းဆွယ်တွင် မြင့်မားသော မီးတောင်များဖြင့် ပြည့်နှက်နေပြီး မီးတောင် ၁၆၀ ပါဝင်သော ကြီးမားသည့် မီးတောင်တန်းများက ဝန်းရံထားသည်။ အဆိုပါမီးတောင် ၁၆၀ အနက် ၂၉လုံးမှာ အချိန်မရွေးပေါက်ကွဲနိုင်သည့် အနေအထားတွင်ရှိသည်။

(အင်တာနက်)

အိုမန်ကမ်းလွန်၌ ဒိန်းမတ်ကုန်သင်္ဘောအပိုင်စီးခံရ

ကိုပင်ဟေဂင် ဇန်နဝါရီ ၁၄

အေဒင်ပင်လယ်ကွေ့အနီး အိုမန်နိုင်ငံကမ်းလွန်တွင် ဒိန်းမတ်ကုန်တင်သင်္ဘောတစ်စင်း ပင်လယ်ဓားပြများ၏ အပိုင်စီးမှုခံခဲ့ရကြောင်း ဒိန်းမတ်မီဒီယာများက ဇန်နဝါရီ ၁၄ ရက်၌ ဖော်ပြသည်။ **(ဝဲပုံ)**

၄င်းသင်္ဘောပေါ်တွင် သင်္ဘောသားခြောက်ဦး ပါရှိသွားသည်။ ယင်းသင်္ဘောသားများမှာ ဖိလစ်ပိုင်နိုင်ငံသားလေးဦးနှင့် ဒိန်းမတ်နိုင်ငံသား နှစ်ဦးတို့ဖြစ်သည်။ ယင်းသင်္ဘောသည် လက်နက်နှင့် ချူကလီးယား ဆက်စပ်ပစ္စည်းများကဲ့သို့သော စစ်ရေးဆိုင်ရာ ကုန်ပစ္စည်းများကို သယ်ဆောင်လာစဉ် ယခုကဲ့သို့ အပိုင်စီးခံရခြင်းဖြစ်သည်။ ဒိန်းမတ် စစ်သင်္ဘောတစ်စင်းကို အပိုင်စီးခံရသော အဆိုပါသင်္ဘောနောက်သို့လိုက်ရန် စေလွှတ်လိုက်ပြီ ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ မြန်မာစာ

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု မြန်မာစာဘာသာရပ် မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုမယ့် ကျောင်းသူ၊ ကျောင်းသားများဟာ မြန်မာစာမေးခွန်းပုံစံကို လေ့လာသိရှိထားဖို့ လိုအပ်ပါတယ်။ မြန်မာစာမေးခွန်းဟာ (၃)နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး(၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရအလင်္ကာ(၁)ပုဒ်၊ ကဗျာမမြင်ဖူးသော ကဗျာမေးခွန်းရှည်(၁)ပုဒ်၊ စကားပြေမမြင်ဖူးသော စကားပြေမေးခွန်းရှည်(၁)ပုဒ်၊ ပြဇာတ်မေးခွန်း(၁)ပုဒ်၊ စာစီစာကုံးမေးခွန်း(၁)ပုဒ်တို့ ဖြစ်ပါတယ်။

အဲဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်းပုဒ်ခွဲများ ပါဝင်မှာဖြစ်ပါတယ်။ မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါ ပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့မေးခွန်းဖြစ်ပါတယ်။ (က)၊ (ခ)၊ (ဂ) ဆိုပြီး မေးခွန်းပုဒ်ခွဲ (၃)ခုခွဲပြီး မေးထားတယ်။ ပုဒ်ခွဲ(က)မှာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာအခန်းများပါတဲ့ မေးခွန်း(၅)ခု မေးထားပြီးတော့ (၁)ခုဖြေရမှာဖြစ်ပါတယ်။

မေးခွန်း ၁(ခ)ကတော့ သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း(၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကိုသေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျဖြေပေးရမယ်။ သာဓကပြရမယ်ဆိုရင် - အောက်ပါတို့မှ လေးခုကိုရွေးချယ်၍ မည်သည့်ကြိယာဖြစ်ကြောင်း ပေးထားတဲ့ "ရေး၊ ကျက်၊ တည်ရှိ၊ သာယာ၊ စားသောက်၊ ပူဇော်"တို့ကို ဖြေမယ်ဆိုရင် "ရေး"သည် ပြုခြင်းပြကြိယာ၊ "ကျက်"သည် ဖြစ်ခြင်းပြကြိယာ၊ "တည်ရှိ"သည် ရှိခြင်းပြကြိယာ လို့ဖြေရမယ်။

မေးခွန်း ၁(ဂ)ကတော့ သဒ္ဒါကိုအမှန်တကယ် နားလည်တတ်ကျွမ်းမှု ရှိ၊ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခုမေးပြီး (၃)ခု ဖြေရမှာဖြစ်ပါတယ်။ များသောအားဖြင့်တော့ သဒ္ဒါအမျိုးအစားတွေ ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ ရှိပါတယ်။

"ကဲ့သို့"ဆိုတဲ့ ဥပမာပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်-

"မောင်မောင်ကဲ့သို့ မောင်လှလည်းစာတော်သည်။"လို့ ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ "မောင်မောင်စာကြိုးစားသကဲ့သို့ မောင်လှလည်း စာကြိုးစားသည်"ဆိုရင် မှားပါတယ်။ "ကဲ့သို့"ကို "သကဲ့သို့" အဖြစ် ပြောင်းလဲမရေးရပါ။ "အတိုင်း"ဆိုတဲ့ ဥပမာပစ္စည်းကိုလည်း "မောင်မောင် **<u>ပြောသည့်အတိုင်း</u>** မောင်လှလုပ်သည်။" ဆိုရင်မှားပါတယ်။ "အတိုင်း"ကို "ပြော"ကြိယာနဲ့ တွဲသုံးထားလို့ နာမ်ပစ္စည်း မဟုတ်တဲ့အတွက် မှားပါတယ်။ "မောင်မောင်အတိုင်း မောင်လှလည်း စာကြိုးစားသည်" ဆိုတဲ့ ဝါကျမှ မှန်ပါတယ်။

မေးခွန်း(၂)ကတော့ စကားပြေ၊ ကဗျာနဲ့ ပြဇာတ်ဆိုတဲ့ ပြဋ္ဌာန်းစာတွေထဲက ဝေါဟာရတွေ၊ အလင်္ကာတွေကို ထုတ်နုတ်ပြီး မေးမှာဖြစ်ပါတယ်။

၂(က)မှာ စာသုံးပေသုံး ရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံတိကျဖို့လည်း လိုအပ်ပါတယ်။ သာဓကအနေနဲ့ မေးခွန်းတစ်ခု ဖြေပြပါမယ်။ "နံ့ရှား"ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာပါတဲ့အတိုင်း "ရနံ့မွှေးကြိုင်သည်" ဆိုပြီးတော့ ဖွင့်ရပါမယ်။

မေးခွန်း ၂(ခ)မှာတော့ ယနေ့ခေတ်သုံးဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခုမေးပြီးတော့ (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ဝေါဟာရရဲ့သုံးစွဲပုံ အနက်ပေါ်လွင်တဲ့ ဝါကျမျိုးလည်းဖြစ်ရပါမယ်။ "ထည်ဝါ"ဆိုတဲ့ ဝေါဟာရကို ဝါကျဖွဲ့ရင် "မိဖုရားခေါင်ကြီးမယ်နု ဆောက်လုပ်လှူဒါန်းခဲ့သော အုတ်ကျောင်းမှာ "ထည်ဝါ"လှသည်။" ဆိုတဲ့ဝါကျမျိုး ဖြစ်ရပါမယ်။ ဝါကျဖွဲ့တဲ့အခါ အဓိပ္ပာယ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ "ပန်းလိုမွှေးပါစေ" ဆိုတဲ့ ကတ္တားမပါတဲ့ ဝါကျမျိုးလည်း မဖြစ်သင့်ပါဘူး။

မေးခွန်း ၂(ဂ)ကတော့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဥပမာ၊ ရူပက၊ ဝင်္ကဝုတ္တိ၊ အတိသယဝုတ္တိ၊ မြည်သံစွဲ အစရှိတဲ့ အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပါတယ်။ မေးခွန်း(၈)ခု မေးပြီးတော့ (၅)ခု ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာမြောက်တယ်ဆိုတာတွေကို ဖြေရမှာဖြစ်ပါတယ်။

ဒီနေရာမှာ အလင်္ကာတစ်ခုကို သာဓကအနေနဲ့ ဖြေဆိုပြပါမယ်။ "မျက်နှာငွေလ"ဆိုတဲ့ ရူပက အလင်္ကာကို ဖြေမယ်ဆိုရင် ဤအလင်္ကာကို သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း စကားပြေတွင် ဆဒ္ဒန်ဆင်မင်းက မိမိ၏အစွယ်ကို မုဆိုးထံအပ်ပြီး သုဘဒ္ဒါမိဖုရားဝမ်းမြောက်ပါလေတော့ ဟူသော သောနုတ္တရမုဆိုးမှတစ်ဆင့် မှာကြားပုံနှင့်ဆက်စပ်၍ သုံးထားပါသည်။ ကြည်လင်ရွှန်းမြ၍ စိတ်နှလုံးကြည်နူးစေတတ်သည့် ဂုဏ်ရည်တူ ဖြစ်သည့် မျက်နှာ(အနှိုင်းခံ)နှင့် ငွေလ(အနှိုင်း)တို့ကို ထပ်တူပြု ဖွဲ့ဆိုထားသောကြောင့် ရူပကအလင်္ကာ မြောက်ပါသည်။ လို့ဖြေရပါမယ်။ ဂုဏ်ရည်တူနာမ်နှစ်ခုကို ထပ်တူပြုဖွဲ့ဆိုထားတာဖြစ်တယ်။ ဒီစကားပြေမှာ ဗာရာဏသီမင်း၏မိဖုရားသည် သုဘဒ္ဒါအမည်သာ ဖြစ်တယ်။ စူဠသုဘဒ္ဒါမှာ ဆင်မဘဝက အမည်သာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာ မေးခွန်းများ ဖြစ်တယ်။ ပုဒ်ခွဲ(က)မှာ မမြင်ဖူးသောမေးခွန်းတွေမေးထားတယ်။ မမြင်ဖူးသောမေးခွန်းတွေအတွက် ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊ ကဗျာရေးတဲ့ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနဲ့ ကဗျာ့သဘော၊ ကဗျာမှာပါတဲ့ အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊ ကဗျာနဲ့သက်ဆိုင်တဲ့ ထူးခြားချက်တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။

မေးခွန်း(၃) ပုဒ်ခွဲ(ခ)ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့သုတရသတွေကို လေ့လာထားရပါမယ်။

အရေးအကြီးဆုံးအဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့သောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။

တောင်သူကြီးကဗျာမှ တောင်သူကြီး၏ဘဝနှင့် စိတ်ဓာတ်ဆိုတဲ့ မေးခွန်းကို ဖြေတဲ့အခါမှာ တောင်သူကြီး၏ စစ်သည်ဘဝ၊ မင်းမှုထမ်းကောင်းဘဝ၊ ယာလယ်လုပ်၍ တောမှာပျော်သည့် တောင်သူကြီးဘဝ၊ စီးပွားရှာတတ်သည့် တောင်သူကြီးဘဝ၊ ကိုယ်တိုင်ချက်ပြုတ်စားသောက်သည့် လူပျိုကြီးဘဝစသည်ဖြင့် ဘဝမျိုးစုံ ကျင်လည်နေရသူ ဖြစ်ကြောင်း၊ စစ်သည်ဘဝတွင် ခွန်အားကြီးမားပြီး ရန်ဟူသမျှမှာ ချေဖျက်နိုင်သည့် စွမ်းရည်ထက်မြက်သည့် စိတ်ဓာတ်ရှိသူ၊ အရှင်သခင်၏အမှုတော်ကို ကျေပွန်စွာထမ်းဆောင်လိုသည့် မင်းမှုထမ်းကောင်း စိတ်ဓာတ်ရှိသူ၊ မိမိနိုင်ငံကာကွယ်လိုသည့် စိတ်ဓာတ်ရှိသူ၊ အရေးတော်မရှောင်ထမ်းရွက်လိုသည့် နိုင်ငံသားကောင်းစိတ်ဓာတ်ရှိသူ၊ တိုင်းပြည် ငြိမ်းချမ်းသည့်အခါ ယာလယ်လုပ်၍ တောမှာပျော်မွေ့လိုသူ၊ ကိုယ်တိုင်စိုက်ပျိုး၊ ကိုယ်တိုင်သားငါးရှာ၊ ကိုယ်တိုင်ချက်ပြုတ်လျက် ဖော်ရွေခင်မင်စွာစေတနာဖြင့် ကျွေးမွေးလိုသည့် စိတ်ဓာတ်ရှိသူ၊ အလုပ်မရွေး ထမ်းဆောင်လိုသည့်စိတ်ဓာတ်ဖြင့် ဘဝတွင် ပျော်ပျော်ရွှင်ရွှင် နေထိုင်လိုသည့် စိတ်ဓာတ်ရှိသူဖြစ်ကြောင်း ဘဝနှင့် စိတ်ဓာတ်တို့ကို ကဗျာစာသား အကိုးအကားများဖြင့် ယှဉ်တွဲဖော်ပြရေးသားရမှာဖြစ်ပါတယ်။

မေးခွန်းမှာပါတဲ့ တောင်သူကြီး၏ ဘဝနှင့်စိတ်ဓာတ်(၂)ပိုင်းလုံးပါအောင် ပြည့်စုံစွာ ဖြေဆိုတတ်ဖို့ အလွန်အရေးကြီးပါတယ်။ အဲဒီလိုမျိုးဖြေဆိုမှသာ ဖြေဆိုပုံ စနစ်ကျပြီး ဦးတည်ချက်မှန်ကန်မှာဖြစ်တယ်။ ဒါကြောင့် ကဗျာမေးခွန်းကိုသေချာဖတ်ပါ။ အရေးအဖွဲ့ပိုင်းကို ဦးတည်မေးသလား၊ အကြောင်းအရာပိုင်းကို ဦးတည်မေးသလားဆိုတဲ့ မေးခွန်းသဘောကိုသိမှ မှန်ကန်တဲ့အဖြေ၊ ဂုဏ်ထူးရနိုင်တဲ့အဖြေမျိုး ဖြစ်မှာပါ။ အမေးနဲ့အဖြေလွဲနေရင်တော့ အောင်မှတ်ရမှာ မဟုတ်ပါဘူး။ ကဗျာဖြေရင် အထူးသတိပြုရမယ့် အချက်ကတော့ သင့်လျော်ရာကဗျာစာသား အကိုးအကားများကို ထည့်သွင်းဖြေဆိုဖို့ပဲဖြစ်ပါတယ်။

မေးခွန်း(၄)ကိုတော့ ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်ထဲက မေးပါမယ်။

မေးခွန်း(၄)မှာ ပုဒ်ခွဲ(က)နဲ့(ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။ ပုဒ်ခွဲ(က)က မမြင်ဖူးသောမေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာလည်း စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊ စကားပြေအကြောင်း၊ အဲဒီစကားပြေရေးတဲ့ခေတ်၊ ထုတ်နုတ်တဲ့စကားပြေစာအုပ်အမည်စတဲ့ စကားပြေဆိုင်ရာ အချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျ ဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း(၄) ပုဒ်ခွဲ(ခ)မှာတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေမေးခွန်းဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသသင်ခန်းစာတွေကို လေ့လာရမှာဖြစ်ပါတယ်။ သာဓကအနေနဲ့ ၄(ခ) မေးခွန်းဖြစ်တဲ့ "မိခင်သောက"စကားပြေမှ ဥပမာအလင်္ကာ အဖွဲ့များအကြောင်း မေးခွန်းကို တင်ပြလိုပါတယ်။

ဒီစကားပြေမှာ ဥပမာအလင်္ကာဆယ်ခုရှိပြီး ဒီဥပမာအလင်္ကာအဖွဲ့ကောင်းများကြောင့် မိခင်တစ်ဦး၏ သောကပေါ်လွင်စေကြောင်း၊ ဥပမာအလင်္ကာတစ်ခုစီကို မိခင်တစ်ဦး၏ခံစားချက်နှင့် ယှဉ်တွဲ၍ ဝေဖန်သုံးသပ်ပြရန် ဖြစ်ပါတယ်။ သားသမီးတို့နှင့်အတူနေရသော ယခင်အခြေအနေနှင့် သားသမီးတို့ကို မတွေ့ရသော ယခုအခြေအနေတို့ကို နှိုင်းယှဉ်လျက် ပုံပန်းသဏ္ဌာန်အမူအရာပြ ဥပမာအလင်္ကာ အဖွဲ့ကောင်းများ၊ စိတ်ခံစားမှုအခြေအနေပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများ၏ အစွမ်းအာနိသင်တို့ကြောင့် မိခင်သောကခံစားမှု အရှိန်တိုးမြင့်လာပုံ၊ သားပျောက်မိခင်တစ်ဦး၏ဝေဒနာ တိုး၍ဆိုး၍ ခံစားလာရပုံတို့ကို မိခင်တစ်ဦး၏ ကိုယ်နှုတ်အမူအရာမှတစ်ဆင့် စာဖတ်သူတို့ပါ ကူးစက်လာရပုံ၊ စိတ်မျက်စိ၌ ထင်မြင်လာပုံ၊ နှုတ်မှတတွတ်တွတ် မြည်တမ်းပုံတို့ကို စိတ်နားထဲ ကြားယောင်လာအောင် သရုပ်ဖော်တင်ပြရန် ဖြစ်ပါတယ်။ အမေးနဲ့ အဖြေကိုက်ညီဖို့ အရေးကြီးပါတယ်။

မေးခွန်း(၅)ကတော့ ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ပုဒ်ခွဲ(က)နဲ့(ခ) ဆိုပြီးတော့ ၂-ပုဒ် မေးထားပါတယ်။ ပုဒ်ခွဲ(က)မှာ စကားစပ်မေးပါတယ်။ စကားစပ်ကို ဖြေတဲ့အခါမှာတော့ ပေးထားတဲ့စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့အတွက် ပြဇာတ်ကိုကျေညက်နေအောင် လေ့လာထားရပါမယ်။

"အလှည့်သင့်ချက်ပိုင်၊ ကြက်ကန်းခွပ်လို့၊ ပွဲကျွတ်အောင်နိုင်သေးသပ၊ ကံဆိုင်လို့တကယ်၊ ချက်ကောင်းကို တွယ်မိလျှင်၊ ရေသည်မောင်မောင်လူနေလှလို့၊ ရွှေချသလိုပြောင်လိမ့်မယ်။" ဆိုတဲ့စာသားကို စကားစပ်အနေနဲ့ဖြေမယ်ဆိုရင် စာသားဟာ ဦးပုညရဲ့ ရေသည်ပြဇာတ် အခန်း(၁) သို့တည်းမဟုတ် ရေသည်ယောကျ်ားစကားဆိုခန်း အဲဒီအခန်းထဲက ထုတ်နုတ်တဲ့စာပိုဒ်ဖြစ်ကြောင်း ပြောပြရပါမယ်။ ပြီးတော့စာပိုဒ်ကို ရေသည်ယောကျ်ားက ရေရောင်းထွက်လာတဲ့အချိန် ဗာရာဏသီမြို့မြောက်မျက်နှာအရပ်မှ ပင်ပန်းဆင်းရဲလှတဲ့ မိမိရဲ့ဘဝကို အားတင်းလိုခြင်းနဲ့ဆက်စပ်ပြီး တစ်ကိုယ်တည်းပြောဆိုသော စကားဖြစ်သည်လို့ ဖြေရမှာ ဖြစ်ပါတယ်။ ဒီအဖြေမှာ မည်သည့်အခန်း၊ မည်သူက၊ မည်သူ့အား၊ မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည့်အကြောင်းနဲ့ စပ်လျဉ်းပြီး မည်သို့ပြောတယ်ဆိုတဲ့ စကားစပ်ရဲ့ အချက်အလက် (၆)ချက်စလုံး ပါဝင်တာကို တွေ့ရပါမယ်။ စကားစပ် (၆)ချက်ကို ပြည့်စုံအောင်ဖြေနိုင်ရင် အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

စကားစပ်ကိုဖြေတဲ့နေရာမှာ သိထားရမယ့် အချက်အလက်တွေ ရှိပါတယ်။

မည်သည့်အခန်းကဆိုတာကို ဖော်ပြတဲ့အခါမှာ အခန်း(၁) အခန်း(၂)စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေသည်ယောကျ်ားစကားဆိုခန်း၊ ရေသည်မိန်းမစကားဆိုခန်း၊ ရေသည်ယောကျ်ား ရေရောင်းထွက်သောအခန်း စသည်ဖြင့် အခန်းရဲ့အမည်ကိုလည်း ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် အခန်း(၅) အိမ်ရှေ့မင်းနောင်တရခန်း စသည်ဖြင့် အခန်းအမှတ်ရော အခန်းအမည်ရော နှစ်မျိုးလုံးတွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

အချိန်ကိုလည်း နံနက်အချိန်၊ မွန်းတည့်ချိန် စသည်ဖြင့်ဖော်ပြနိုင်သလို ရေသည်မိန်းမ ရေရောင်းထွက်ချိန်၊ ရေသည်ယောကျ်ား ရေရောင်းထွက်ချိန် စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ရေသည်ယောကျ်ား နေပူထဲ ပြေးလွှားနေတာကို ဥဒယမင်းကြီး ရွှေမှန်ပြောင်းနဲ့ကြည့်တဲ့အချိန်ဟာ မွန်းတည့်ချိန်ဖြစ်တယ်။ နံနက်နဲ့ မွန်းတည့် နှစ်ချိန်ကလွဲပြီး ကျန်အချိန်များကို အတိအကျ မဖော်ပြထားတဲ့အတွက် ဖြစ်ရပ်ကို အချိန်လုပ်ပြောရမှာ ဖြစ်တယ်။ ဥပမာ - ရေသည်ယောကျ်ားနှင့် ဥဒယမင်းကြီး ဥယျာဉ်ကစားထွက်ချိန်၊ အိမ်ရှေ့မင်း တောထွက်ရန် ခွင့်ပန်ချိန် စသဖြင့် ပြောရမှာဖြစ်တယ်။

နောက်တစ်ခုကတော့ စကားစပ်မှာ ဖြေရမယ့်ဆိုလိုရင်းအဓိပ္ပာယ်ကိစ္စ ဖြစ်ပါတယ်။ ပေးထားတဲ့ စာပိုဒ်ရဲ့အဓိပ္ပာယ်ကိုဖြေရတဲ့အခါမှာ သတိပြုရမယ့်အချက်ကတော့ မူရင်းစာပိုဒ်အတိုင်း ပြန်မရေးရပါဘူး။ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိစကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားဖို့တော့အထူး လိုအပ်ပါတယ်။ ဒီမေးခွန်းတွေဖြေနိုင်ဖို့ ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရုံမျှသာမက ကိုယ့်စကားနဲ့ကိုယ် ပြန်လည်ရေးတတ်ဖို့ လေ့ကျင့်ထားဖို့လည်း လိုအပ်ပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ပြည်ပသာသနာပြုအလျှုရှင်အပေါင်းတို့ခင်ဗျား နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်

တစ်ကမ္ဘာလုံး ကူးလူးဆက်သွယ်မှုလျင်မြန်သော ယနေ့ခေတ်တွင် အများသုံး အင်္ဂလိပ်ဘာသာစကားဖြင့် ဗုဒ္ဓတရားတော်များကို ကမ္ဘာ့လူသားအားလုံးအတွက် ဖြန့်ဝေရန် လိုအပ်နေပြီဖြစ်ပါသည်။

ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန် သာသနာရေးဝန်ကြီးဌာနက အင်္ဂလန်နိုင်ငံသို့ ပညာသင်ငါးပါးစေလွှတ်ခဲ့ရာ M.A ဘွဲ့များရရှိခဲ့ကြပြီး နှစ်ပါးသည် လန်ဒန်တက္ကသိုလ်တွင် Ph.D တန်း အဆင့်မီသဖြင့် ဆက်လက်တက်ရောက်ရန် အသင့်ရှိနေပြီဖြစ်ပါသည်။

အဆိုပါအရှင်မြတ်နှစ်ပါး၏ ပညာသင်စရိတ်လေးနှစ်စာအတွက် ပေါင်စတာလင် ၈၆၀၀၀ (ကိုးသောင်းခြောက်ထောင်) တစ်ကြိမ်တည်းပေးသွင်းရန်ရှိပြီး တစ်ပါးစီအတွက် အထွေထွေစရိတ် တစ်နှစ်လျှင်ပေါင် ၃၀၀၀ (သုံးထောင်)နှုန်းဖြင့် နှစ်ပါးအတွက် ပေါင် ၁၀၂၀၀၀ (တစ်သိန်းနှစ်ထောင်)ကို တစ်ကြိမ်တည်း ပေးသွင်းရန်လိုအပ်မည်ဖြစ်ပြီး ကျန်သုံးနှစ်အတွက် တစ်နှစ်လျှင် ပေါင် ၆၀၀၀ (ခြောက်ထောင်)စီ ထောက်ပံ့လှူဒါန်းရန်ရှိပါသည်။

ပြည်ပသာသနာပြု ပညာပါရမီကုသိုလ်တော် ဆည်းပူးလိုသော အလှူရှင်များအနေဖြင့် သဒ္ဓါတရားနည်းများမဆို မိမိတို့တတ်နိုင်သမျှ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ သာသနာရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူး ဦးမြင့်ဦး ဖုန်း-၀၆၇-၄၀၆၀၀၈၊ ဖက်စ်-၀၆၇-၄၀၆၀၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၏ ပညာရေးစုံညီပွဲတော်တွင် မန္တလေးတိုင်းဒေသကြီး ကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရရှိခဲ့သော သူငယ်ချင်း ဒေါ်ထွေးထွေးသန်း (ကျောင်းအုပ်ဆရာမကြီး အထက-၁၆ မန္တလေး)အတွက် သူငယ်ချင်းတစ်စုက ဝမ်းမြောက်ဝမ်းသာစွာ ချီးကျူးဂုဏ်ပြုပါတယ်။

74 B.Ed သူငယ်ချင်းများ

ဒေါ်လေးလေး၊ ဒေါ်စမ်းစမ်းကြည်၊ ဒေါ်ခင်မာစီ၊ ဒေါ်အမာဆွေ၊ ဒေါ်နွဲ့နွဲ့ယဉ်၊ ဒေါ်တင်တင်၊ ဒေါ်မမကြီး၊ ဒေါ်ငွေး။

သင့်သွေးဖြင့် အသက်ကယ်ပါ

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၆၄၂၁၆ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းစံလှ ၁၃/သပန(နိုင်)၀၅၁၆၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ လားရှိုး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဏ/၈၅၁၈ Jatsun Sunny B 121/ P/U (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်လတ် ၈/ရနခ(နိုင်)၀၀၀၉၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (တိုင်းရုံး)၊ မကွေး။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် စတ/၁၈၂၅ Honda 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လှ ၁၁/စတန(နိုင်)၀၀၆၉၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ စစ်တွေ။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ခန္တီးမြို့၌ သစ်သားတံတားပြုပြင်

ခန္တီး ဇန်နဝါရီ ၁၄

ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွင်း ဇီးဖြူကုန်းရပ်ကွက်၌ ၁၆ပေ×၁၅ပေ×၇ပေရှိ အောင်မင်းသစ်သားတံတား ပြုပြင် ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးစိုးအောင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမိုးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်း တင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ကွန်ပျူတာအခြေခံသင်တန်းဖွင့်

မန္တလေး ဇန်နဝါရီ ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးစန်းလွင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်မည်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့် ခရိုင်ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်းသား စုစုပေါင်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလကို ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(အခွန်ဦးစီးဌာန)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်
ဆားလင်းကြီး၌ ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲကျင်းပ

ဆားလင်းကြီး ဇန်နဝါရီ ၁၃

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲတွင် ကလေးပြိုင်ပွဲ၌ မွေးစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်နှင့် ခြောက်လ၊ အမြွှာပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

ချီးမြှင့်

ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိကြသော ဆုရကလေးများ၊ အမြွှာပြိုင်ပွဲဆုရ ကလေးများနှင့် စံပြမိခင်ဆုရများကို မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာခင်ခင်ထွန်းနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များက ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)



ပြုပြင်ဆောင်ရွက်

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖောင်တော်ဆိုက် လမ်းဘေးရှိ ကွန်ကရစ်ရေမြောင်းဖုံးများ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၆ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

စာမျက်နှာ ၁၅ မှအဆက်

မေးခွန်း(၅) ပုဒ်ခွဲ (ခ)မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ဇာတ်လမ်းအဖြစ်အပျက်ပိုင်းနှင့် ဇာတ်ဆောင်စရိုက်အဖွဲ့ဟူ၍ နှစ်ပိုင်းခွဲလို့ရပါတယ်။

ဇာတ်လမ်းအဖြစ်အပျက် (၅)မျိုးကို အကြောင်းအရာကဏ္ဍမှာ မေးပါမယ်။ နောက်တစ်ပိုင်းက ဇာတ်ဆောင်စရိုက်အဖွဲ့ဖြစ်ပါတယ်။ ဇာတ်ဆောင်စရိုက်မှာ ရေသည်ယောက်ျား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ ဇာတ်ဆောင် ၃-ယောက်ရဲ့ စရိုက်တွေကို မေးလေ့ရှိပါတယ်။

ကိုယ်ပိုင်စကားပြေကို ပိုပြီးအသက်ဝင်အောင်ဆိုပြီး ပြဇာတ်စာသားအကိုးအကားထည့်မယ်ဆိုရင်လည်း ထည့်ရေးနိုင်ပါတယ်။ သာဓကအနေနဲ့ အကြောင်းအရာ မေးခွန်းတစ်ခုကို ဖြေဆိုပြပါမယ်။ ဆိုကြပါစို့။ ရေသည်မိန်းမရဲ့ ရုပ်အသွင်အပြင်၊ အပြင်အဆင်နဲ့ ဘဝအခြေအနေ (၃)ပိုင်း မေးထားတဲ့အတွက် (၃)ပိုင်းစလုံးပါအောင် ဖြေတတ်ရပါမယ်။ မူရာတော်နွဲ့နှောင်းနဲ့ ရေရောင်းတဲ့ရုပ်အသွင်၊ ရေအိုးကိုခေါင်းမှာရွက်ပြီး ရေရောင်းထွက်တဲ့ရုပ်သွင်၊ တမာသီးလောက်ဆံထုံးလေးထုံးထားတဲ့ရုပ်သွင်၊ အစပ်တစ်ရာအဖာဇရပျစ်နဲ့ ညစ်နေတဲ့ထဘီကို ဝတ်ဆင်ရတဲ့အဆင်အပြင်၊ အစားအသောက်အနေအထိုင် အလွန်ဆင်းရဲတဲ့ ဘဝအခြေအနေ၊ နှစ်သက်လောက်သူမတွေ့၍ အပျိုကြီးလုပ်ကာ မိမိငွေလေးရွေးအတွက် ကြိတ်ပူနေရတဲ့ ဘဝအခြေအနေတို့ကို ပြဇာတ်ပါဇာတ်လမ်းနဲ့ ဆက်စပ်ပြီးဖြေပေးရမှာ ဖြစ်တယ်။ ရေသည်မိန်းမ ဆင်းရဲပုံအကြောင်းလောက်ပဲ ဖြေရင် မပြည့်စုံပါဘူး၊ ဂုဏ်ထူးမှတ်ရချင်ရင် မေးတဲ့အချက်အကုန်ပါအောင် ဖြေတတ်ဖို့ အလွန် အရေးကြီးလှပါတယ်။

မေးခွန်း(၆)ကတော့ စာစီစာကုံးမေးခွန်း ဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာမေးခွန်းလွှာမှာ အမှတ်အများဆုံးပေးထားတဲ့ မေးခွန်းတစ်ပုဒ်ဖြစ်ပါတယ်။ အမှတ်(၂၀) ပေးတဲ့မေးခွန်းဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခု ပေးထားပြီးတော့ အဲဒီခေါင်းစဉ် ၃-ခု ထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခုလုံးမှာလည်း ပုံကြမ်းအချက်အလက်တွေ ပေးထားမှာဖြစ်ပါတယ်။ စာစီစာကုံးရေးတဲ့အခါမှာ ပုံကြမ်းအချက်အလက်တွေကို အခြေခံပြီးတော့ ရေးရမှာဖြစ်ပါတယ်။

(က) မိုးဦးကာလကျောင်းဖွင့်ချိန်၊ (ခ) မြတ်ဆရာ၊ (ဂ)မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု ဆိုပြီး သုံးပုဒ်ပေးထားပါတယ်။ အဲဒီ ၃-ပုဒ်ထဲက ၁-ပုဒ်ကို သာဓကအနေနဲ့ ဖြေဆိုကြည့်ရအောင်။

"မိုးဦးကာလကျောင်းဖွင့်ချိန်" စာစီစာကုံးခေါင်းစဉ်ရဲ့အောက်မှာ ပုံကြမ်းအချက်အလက်တွေပါပါတယ်။ ပထမအချက်က နွေကာလမှမိုးဦးကာလသို့ ကူးပြောင်းလာချိန် ခံစားချက်၊ ဒုတိယအချက်က မိုးဦးကာလ တောတောင်ရေမြေ သဘာဝရှုခင်း၊ တတိယအချက်က ကျောင်းသူကျောင်းသားတို့၏ ကျောင်းဖွင့်ချိန်မြင်ကွင်း၊ စတုတ္ထအချက်က ဆရာဆရာမများ၏ စာပေသင်ကြားနေကြသည့်မြင်ကွင်း စသည်တို့ ဖြစ်တယ်။

စာစီစာကုံးရေးတဲ့အခါမှာ ကျောင်းသူ ကျောင်းသားများဟာ ပေးထားတဲ့ပုံကြမ်းကို အခြေခံပြီး နိဒါန်း၊ စာကိုယ်၊ နိဂုံး အချိတ်အဆက်မိအောင် ပုံကြမ်းအချက်အလက်တွေကို တစ်ချက်ချင်း အကျယ်ချဲ့ရေးဖို့ လိုအပ်ပါတယ်။ အဲဒီလိုပြောတဲ့အတွက်ကြောင့်မို့လို့ ပုံကြမ်းအပြင် တခြားအချက်တွေထည့်ပြီး မရေးရဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ တခြားအချက်တွေ ရှိရင်လည်း ထည့်သွင်းပြီးတော့ ရေးနိုင်ပါတယ်။ နှုတ်ပြောစကားနဲ့ရေးရင် အောင်မှတ်မရနိုင်ဘူးဆိုတာ သတိပြုသင့်တယ်။ ပုံကြမ်းအချက်အလက်တွေရယ်၊ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ ကိုယ်ပိုင်အချက်အလက်တွေရယ်ကို အသုံးပြုပြီး ရှင်းရှင်းလင်းလင်း ပြေပြေပြစ်ပြစ် ရေးနိုင်ဖို့ပဲ လိုအပ်ပါတယ်။

ဗဟုသုတများ၊ အတွေးအမြင်များကိုလည်း ထည့်သွင်းပြီး ရေးလို့ရပါတယ်။ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ အတွေးအခေါ် အတင်အပြမျိုးဖြစ်ပြီး အရေးအသားလည်း ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ် ရေးမယ်ဆိုလို့ရှိရင် အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

စာစီစာကုံးကောင်းတစ်ပုဒ်ရေးနိုင်ဖို့အတွက်ကတော့ ကြိုတင်လေ့ကျင့်ရေးသားခြင်းတော့ ရှိရပါမယ်။ သူများရေးထားတာတွေကို ကျက်မဖြေသင့်ပါဘူး။ စာစီစာကုံးဖြေရာမှာ မိမိတစ်ဦးတည်းရဲ့ အကြောင်းကို ရေးရန်မဟုတ်။ သဘောတရားကို ရေးရန်ဖြစ်တယ်။ ဥပမာ- မြတ်ဆရာ အကြောင်းရေးရင် မိမိတစ်ဦးတည်းရဲ့ ဆရာအကြောင်းမဟုတ်ဘဲ တပည့်များအားလုံးရဲ့ ဆရာများရဲ့ သဘောတရားကို ရေးရမှာဖြစ်တယ်။ မိုးဦးကာလကျောင်းဖွင့်ချိန်ဆိုရင်လဲ ကျောင်းသားများအားလုံးရဲ့ အတွေးအမြင်၊ အတွေ့အကြုံ၊ အများနဲ့ဆိုင်တဲ့ သဘောတရားကို ရေးရမှာ ဖြစ်တယ်။ စာစီစာကုံးဟာ ကျောင်းသားများရဲ့ မြန်မာစာပင်ကိုစွမ်းရည်ကို အကဲဖြတ်ခြင်းဖြစ်တဲ့အပြင် အမှတ်အများဆုံးရတဲ့အတွက် ဂုဏ်ထူးရအောင် အထူးလေ့ကျင့်ကြိုးစားကြပါ။

အားလုံးကိုခြုံပြောရရင် မြန်မာစာဘာသာရပ်ကို ဖြေဆိုတဲ့အခါ စာလုံးပေါင်း သတ်ပုံမှန်ရမယ်။ ဖျက်ရာခြစ်ရာတွေနဲ့ ရှုပ်ပွနေမှုကင်းရမယ်။ နည်းရမယ်။ လက်ရေးလက်သား လှပသေသပ်ရမယ်။ မေးခွန်းနဲ့ အဖြေ လွဲမှားမှုမရှိအောင် ဂရုစိုက်ရမယ်။ ဖြေပြီးတဲ့ မိမိအဖြေလွှာကို ပြန်စစ်ကြည့်ရမယ်။ စာရွက်အပိုတွေ အပြည့်အစုံ ပါမပါ၊ အစီအစဉ်ကျမကျ ပြန်စစ်ဆေးဖို့ အထူးလိုအပ်ပါတယ်။ အခု ဆွေးနွေးခဲ့တဲ့ အချက်တွေဟာ မြန်မာစာကို ကျက်မှတ်လေ့လာဖြေဆိုရာမှာ ကောင်းစွာအထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

မြန်မာစာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေးပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်က ဖော်ဆောင်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆောင်ရွက်ခြင်းသည်သာ စစ်မှန်ကောင်းမွန်တဲ့ ဒီမိုကရေစီလုပ်ဆောင်ချက်တွေပဲလို့ သဘောပေါက်နားလည်

နိုင်ငံတော်အစိုးရရဲ့ အပြုအမူနဲ့ စေတနာတွေအပေါ် အကြွင်းမဲ့ယုံကြည်လာ

အက်စ်အက်စ်အေ-အက်စ် (ဝမ်ယိန်း)အဖွဲ့မှ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာကြသည့် တပ်ဖွဲ့ဝင်များနှင့် မှီခိုသူ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) အက်စ်အက်စ်အေ-အက်စ် (ဝမ်ယိန်း) အဖွဲ့မှ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် လွိုင်လင်မြို့ လွိုင်လင်ခရိုင် အားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အက်စ်အက်စ်အေ-အက်စ် (ဝမ်ယိန်း)အဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ◆

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅နှင့် ၁၆တွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၇)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျန်းမာရေးစောင့်ရှောက်မှုပညာရပ်များ တိုးတက်မြင့်မားနေအောင် အစဉ်လေ့လာသင်ယူ

ပြည်သူများ ကျန်းမာရေးသတိ ပိုမိုမြင့်မားလာအောင် ဆတက်ထမ်းပိုးဆောင်ရွက်

နိုင်ငံတော်နှင့်ပြည်သူ အားကိုးထိုက်သော ကျန်းမာရေးဝန်ထမ်းကောင်းများဖြစ်အောင်ကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် ဘိုကလေးမြို့ မြို့သစ်ရပ်ကွက်ရှိ အဆိုပါဆေးရုံကြီးဥပစာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ❍

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဆရာဝန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)

အရည်အသွေး စံချိန်စံညွှန်းများနှင့်ကိုက်ညီသော စက်အရန်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်အောင်ကြိုးပမ်း

စက်ရုံတစ်ခုလုံးကိုပါ တည်ဆောက်တပ်ဆင်သုံးစွဲနိုင်သည့် Mother Industry မျိုးအထိ ရည်မှန်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများနှင့် မဟာဓာတ်အားလိုင်းများတွင် အသုံးပြုသော စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ခင်းကျင်းပြသခြင်းအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ ပြပွဲခင်းကျင်းပြသရာသို့ ရောက်ရှိသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်)

စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အစိုးရသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ ယခုအခါ စားနပ်ရိက္ခာဖူလုံသည့်အဆင့်မှ ပိုလျှံသည့်အဆင့်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍကို အရှိန်အဟုန်မပျက် တိုးတက်ရန်ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ(ပုသိမ်) ဖွင့်ပွဲအခမ်းအနားကို ယင်းစက်ရုံအဝင်မုခ်ဦး၌ ဇန်နဝါရီလ ၁၁ ရက်နေ့က ကျင်းပခဲ့သည်။

ယခုဖွင့်လှစ်ခဲ့သော အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ(ပုသိမ်)သည် စက်စွမ်းအား တစ်နေ့လျှင် အမိုးနီးယား ၃၂၅ တန်နှင့် ယူရီးယားတန်ချိန် ၅၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စက်ရုံဧရိယာသည် ဧက ၂၀၀ ရှိသည်။ ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အိုးဘိုကျေးရွာအနီး၌ တည်ဆောက်ထားခြင်းဖြစ်သည်။

လယ်ယာကဏ္ဍထုတ်ကုန်များကို အရှိန်အဟုန်မပျက်တိုးတက်ထုတ်လုပ်နိုင်ရန် လိုအပ်သောအခြေခံကောင်းများကို ဖြည့်စွမ်းပေးလျက်ရှိရာ စက်ရုံ၏ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံလုပ်သားများက ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ စက်ရုံကြံ့ခိုင်ရေးနှင့် စက်ကိရိယာပစ္စည်း ကြံ့ခိုင်ရေးကိုလည်း ပုံမှန်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

စက်ပစ္စည်းကိရိယာများသည် အသုံးပြုမှုကြာရှည်သည်နှင့်အမျှ သက်တမ်းကုန်လွန်မှုများရှိနေ၍ သတ်မှတ်ပေးထားသော အချိန်ကာလများအလိုက် ကြံ့ခိုင်ထိန်းသိမ်းမှုများကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ စက်ရုံဝန်ထမ်းများ အရည်အချင်းပြည့်ဝပြီး ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးချတတ်မှသာလျှင် စက်ရုံသည် စွမ်းအားပြည့်လည်ပတ်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ စက်ရုံဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်း၊ နည်းပညာများ လွှဲပြောင်းရယူခြင်းစသည်တို့ကို သာမန်ထက်ပိုသော အလေးပေးမှုဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှ ဖြည့်ဆည်းစွမ်းဆောင်ပေးထားလျက်ရှိရာ ယခုဖွင့်လှစ်လိုက်သည့် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ(ပုသိမ်)ကိုလည်း အရှည်တည်တံ့အောင် ထိန်းသိမ်းအသုံးပြုပြီး စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရန်အတွက် စက်ရုံဝန်ထမ်းများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဇန်နဝါရီ ၅ ရက်က ရွှေဘိုမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စုရှိ တောင်သူတစ်ဦး၏ မိုးစပါးစိုက်ကွက် ရိတ်သိမ်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရွှေဘို-မြစ်ကြီးနားလမ်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကန့်ဘလူမြို့၌ ရိပ်သာတည်ဆောက်နေမှုနှင့် မြို့တွင်းလမ်းဘေးဝဲ၊ ယာ တစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်အောင်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိသော ကျောက်ရိုးစီ မြေထိန်းနံရံများ ဆေးသုတ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်လွင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

ဘူမိဗေဒကျောင်းသားဟောင်းများအာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

၁၉၈၂နှင့် ၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၌ ပထမနှစ် စတင်တက်ရောက်ခဲ့ကြသော ဘူမိဗေဒအထူးပြုကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၁၅ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရွှေဘဲစားတော်ဆက် (ကန်တော်မင်ပန်းခြံ)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို မြတ်လှိုင် ဖုန်း-၀၉-၅၀၀၄၄၆၇၊ သိန်းထွန်း(တရုတ်ကြီး) ဖုန်း-၀၉-၈၅၇၈၆၁၅၊ သန့်ဇင်(ပင်ပေါင်) ဖုန်း-၀၉-၅၀၀၄၃၉၇၊ ပွင့်သွယ်ဝင်း ဖုန်း-၀၉-၉၉၇၀၆၇၅၊ သိန်းစိုး ဖုန်း-၀၁-၇၀၇၇၃၆၊ ခိုင်စိုး ဖုန်း-၀၉-၅၅၀၄၈၈၈၊ ဆွေသန်းမောင် ဖုန်း-၀၉-၅၁၂၈၂၉၂၊ လှမော် ဖုန်း-၀၉-၅၀၀၈၈၃၀၊ ဝင်းမြင့် ဖုန်း-၀၉-၅၁၂၈၇၅၅၊ ဝင်းဇော်ရှိန် (ဆူပါကြီး) ဖုန်း ၀၉- ၉၉၇၀၆၇၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(၁၃၅)*

ပုဏ္ဏားကျွန်းမြို့၌ လူငယ်အားမာန်စာကြည့်တိုက် အုတ်မြစ်စီ

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၁၄

ပုဏ္ဏားကျွန်းမြို့နယ် ယိုးငူကျေးရွာတွင် လူငယ်အားမာန်စာကြည့်တိုက်အဆောက်အအုံသစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်မည့်မြေနေရာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ရွှေအုတ်၊ ငွေအုတ်များဖြင့် အုတ်မြစ်စီပေးကြသည်။ **(အောက်ပုံ)**

လက်ခံယူ

ထို့နောက် စာကြည့်တိုက်ဆောက်လုပ်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးစောထွန်းဦးက ငွေကျပ် နှစ်သောင်း၊ မြို့နယ်အတွင်းရေးမှူး ဦးအောင်ရွှေဇံက ငွေကျပ် တစ်သောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးသိန်းဇော်ဦးက ငွေကျပ်တစ်သောင်း၊ ရပ်ကွက်စာရေး ဒေါ်မလှစိန်က ငွေကျပ်တစ်သောင်းနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် လေးသိန်းငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူ၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်သိန်းထွန်း၊ အတွင်းရေးမှူး ဦးဘတင်သိန်းနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကျော်ဝင်းနိုင်တို့က လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**



မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ အငြိမ်းစား စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဦးဇော်သန်းက "Business Social Responsibility Ethics and Professional Practice" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲ တက်ရောက်ရန်အတွက် ဇန်နဝါရီ ၂၆ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်းအမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။

စာရင်းပေးသွင်း

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသားသင်တန်းသူများနှင့် နယ်မှလာရောက်ရသူများသည် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်းဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူလတန်းကျောင်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပ

သာယာဝတီ ဇန်နဝါရီ ၁၄

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သာယာဝတီခရိုင် မော်ဗ္ဗာမြို့ မြေးခံတော်ကျေးရွာအုပ်စု ကျေးသားအင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉နာရီက ကျေးသားအင်းကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်အေးကြူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် ရပ်မိရပ်ဖ ဦးစောဖိုးချစ်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျား ၁၀၈ပေ၊ အနံ ၃၂ပေ၊ အမြင့် ၁၅ပေရှိ သွပ်မိုး၊ အုတ်ကာကွန်ကရစ်ခင်းအဆောက်အအုံဖြစ်ပြီး **(အောက်ပုံ)** ဒေသခံပြည်သူများမှ ထည့်ဝင်ငွေကျပ် ၁၀၅ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် စက်ပစ္စည်းအစိတ်အပိုင်းနှင့် စက်အရန်ပစ္စည်းများ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဌာနများက ခင်းကျင်းပြသထားသည့် မဟာဓာတ်အားလိုင်းတည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းနှင့် ကိရိယာများ၊ သုတေသနဆိုင်ရာ မှတ်တမ်းများကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ထို့နောက် ဝန်ကြီးချုပ်သည် ပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျွန်းချောင်း၊ မြန်အောင်၊ ရွာမ၊ မန်း(မင်းဘူး)၊ ရွှေတောင်၊ သထုံ၊ သာကေတ၊ အလုံနှင့် လော်ကား သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၏ တည်နေရာ၊ စက်ရုံသက်တမ်း၊ စက်တန်ဖိုးနှင့် ပြုပြင်မှုကုန်ကျစရိတ်၊ စက်တပ်ဆင်အင်အားနှင့် စက်အမျိုးအစား၊ အသုံးပြုသော စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ၊ ပြည်တွင်းမှ ဝယ်ယူရရှိသော စက်အရန်ပစ္စည်းများနှင့် ပြည်တွင်းတွင် ထုတ်လုပ်မည့် စက်အရန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် စက်ပစ္စည်းအစိတ်အပိုင်းများနှင့် စက်အရန်ပစ္စည်းများ၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဌာနများက ခင်းကျင်းပြသထားသည့် မဟာဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် ကိရိယာများ၊ သုတေသနဆိုင်ရာမှတ်တမ်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဦးခင်မောင်မြင့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားငွေသုံးစွဲရမှု လျော့နည်းသက်သာစေရေးနှင့် သွင်းကုန်အစားထိုး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်တိုးတက်လာစေရေးတို့အတွက် ပြပွဲကို ခင်းကျင်းပြသခြင်းဖြစ်ကြောင်း ပဏာမ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးက ပြပွဲခင်းကျင်းပြသရခြင်း ရည်ရွယ်ချက်၊ ပြပွဲတွင် စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်း စုစုပေါင်း ၂၉၅ မျိုး ခင်းကျင်းပြသထားမှု၊ တစ်နိုင်ငံလုံးရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကိုးရုံ၏ စက်ရုံဆိုင်ရာ အချက်အလက်များ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အသေးစား၊ အလတ်စားနှင့် အကြီးစား ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ကုန်ကျစရိတ်၊ ဓာတ်ငွေ့တာဘိုင်စက်များ၏ အရေးကြီးစက်ပစ္စည်း အစိတ်အပိုင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယအင်ဂျင်နီယာချုပ်ဒေါက်တာမောင်မောင်ကျော်က ၂၃၀ကေဗွီ လှိုင်မြစ်ကျော်(အလုံ) Twin Bundle Double Circuit မဟာဓာတ်အားလိုင်း တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် မိမိတို့နိုင်ငံကို စက်မှုနိုင်ငံအဖြစ် ထူထောင် တည်ဆောက်နိုင်မှသာ ကြွယ်ဝချမ်းသာသော၊ လူတစ်ဦးချင်းဝင်ငွေ တိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားသော၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း။

ဖိဖိစီးစီး

စက်မှုနိုင်ငံ ထူထောင်နိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ စွမ်းအင်ပင်ဖြစ်ကြောင်း၊ တိုးတက်မြင့်မားလာသော စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ရှာဖွေ၊ ထုတ်လုပ်၊ ဖြန့်ဖြူး၊ သုံးစွဲ စသည့်ကဏ္ဍကြီးလေးရပ်ကို အချိတ်အဆက်မိမိ၊ ဟန်ချက်ညီညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၃၀ကေဗွီ လှိုင်မြစ်ကျော်(အလုံ) Twin Bundle Double Circuit မဟာဓာတ်အားလိုင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မိမိတို့နိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်ပေါများသော နိုင်ငံဖြစ်သည့် အားလျော်စွာ စွမ်းအင်ရရှိမှု တိုးတက်လာစေရေးအတွက် ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ပိုင်း နှစ်ပိုင်းစလုံးတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ ကုန်းတွင်း သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းတွင် တိုင်းပြည်အတွက် အားထားလောက်ဖွယ်ရှိသည့် သဘာဝဓာတ်ငွေ့သိုက်များကို အထိုက်အလျောက် တွေ့ရှိတူးဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရှာဖွေတူးဖော်ရရှိလာသည့် သဘာဝဓာတ်ငွေ့များကို အခြားနိုင်ငံများသို့ တင်ပို့ရောင်းချသကဲ့သို့ ပြည်တွင်း၌လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် သုံးစွဲလျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးအတွက် ယခုကဲ့သို့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးကြောင်း။

နိုင်ငံအတွင်း ကျွန်းချောင်း၊ မြန်အောင်၊ မန်း၊ ရွှေတောင်၊ သထုံ၊ လော်ကား၊ အလုံ၊ ရွာမ၊ သာကေတ စသည့်ဒေသများ၌ တည်ဆောက်ထားသည့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ကိုးရုံတွင် စက်တပ်ဆင်အား ၇၀၂ ဒသမ ၉ မဂ္ဂါဝပ်ရှိသော စက်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုးတက်များပြားလာသော လူဦးရေ၊ အဆင့်အတန်းမြင့်မားလာသော လူနေမှုဘဝ၊ ပြောင်းလဲလာသော နေထိုင်မှုပုံစံတို့အရ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့ကြောင်း၊ ထို့ကြောင့် ထုတ်လုပ်ရရှိနိုင်သည့် လျှပ်စစ်စွမ်းအားများကို အပြည့်အဝ ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲနိုင်ရေးသည် အထူးအလေးထား ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ် ဖြစ်လာခဲ့ကြောင်း။

ထုတ်လုပ်ရေးအပိုင်းတွင် အဓိကကျသော ဤစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရန်အတွက် စက်ကိရိယာများ ကြံ့ခိုင်ရေး ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းနှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှု အရည်အသွေး ပြည့်ဝရေး လိုအပ်ချက် နှစ်ရပ်ကို ဖြည့်ဆည်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ စက်များအား ရေရှည် စက်စွမ်းအားပြည့် လည်ပတ်သုံးစွဲနိုင်ရန် စက်သုံးစွဲမှု သက်တမ်းကာလနှစ်စဉ်၊ လစဉ် စသည့်ကာလအလိုက် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို တိတိကျကျဖြင့် စနစ်တကျဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

စနစ်တကျဆောင်ရွက်

သတ်မှတ်ကာလများအလိုက် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ ဆက်လက်သုံးစွဲနေခြင်းသည် ခြိုးခြံချွေတာခြင်း မဟုတ်သည့်အပြင် စက်ကိရိယာများ စွမ်းရည်ကျဆင်းခြင်းကို ဖြစ်ပေါ်စေနိုင်သဖြင့် စက်များ ကြံ့ခိုင်ရေး ထိန်းသိမ်းမှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်ဖြစ်ကြောင်း။

ဤဓာတ်အားပေးစက်ရုံများသည် တည်ဆောက်သုံးစွဲကာလ သက်တမ်းကြာမြင့်လာပြီဖြစ်သည့် အလျောက် လဲလှယ်သုံးစွဲရသည့် စက်ပစ္စည်း ပမာဏ၊ အရေအတွက်၊ တန်ဖိုးများသည်လည်း များပြားလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်လာသော စက်အရန်ပစ္စည်းများကို ပြည်ပမှ အလွယ်တကူ တင်သွင်းဝယ်ယူသုံးစွဲနေခြင်းထက် ပြည်တွင်း၌ ကိုယ့်အားကိုယ်ကိုး ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ထို့ကြောင့် အရည်အသွေး စံချိန်စံညွှန်းများနှင့် ကိုက်ညီသော စက်အရန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သကဲ့သို့ စက်ရုံတစ်ခုလုံးကိုပါ တည်ဆောက်တပ်ဆင် သုံးစွဲနိုင်သည့် Mother Industry မျိုးအထိ ရည်မှန်းဆောင်ရွက်သွားနိုင်ရန် လိုအပ်ကြောင်း။

စက်စွမ်းအားပြည့်

ထို့အပြင် ကျွမ်းကျင်ဝန်ထမ်းများ ရရှိရေးအတွက် စာတွေ့သင်တန်းများ ပို့ချခြင်း၊ လက်တွေ့လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းတို့ကို စီမံချက်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သို့မှသာ ပြည်တွင်း အတတ်ပညာရှင်များ၊ ကျွမ်းကျင်ဝန်ထမ်းလုပ်သားများဖြင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်သည့် ကိုယ့်အားကိုယ်ကိုးနိုင်သော စက်ရုံအလုပ်ရုံများအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်းဖြင့် အသေးစိတ် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ၂၃၀ ကေဗွီ လှိုင်မြစ်ကျော်(အလုံ) Twin Bundle Double Circuit မဟာဓာတ်အားလိုင်းတည်ဆောက်ရေး စီမံကိန်း၏ အလုံဘက်ကမ်း၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးခင်မောင်မြင့်က မဟာဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁)က ဘိုးပိုင်လုပ်ငန်းများ တာဝန်ယူ တည်ဆောက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ပြန်လည်ထွက်ခွာ

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများနှင့် မဟာဓာတ်အားလိုင်းများတွင် အသုံးပြုသော စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများပြပွဲကို ဇန်နဝါရီ ၁၃ ရက်အထိ ခင်းကျင်းပြသခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဌာနများက ခင်းကျင်းပြသထားသည့် မဟာဓာတ်အားလိုင်းတည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းနှင့် ကိရိယာများ၊ သုတေသနဆိုင်ရာ မှတ်တမ်းများကို တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံအတွင်း ကျွန်းချောင်း၊ မြန်အောင်၊ မန်း၊ ရွှေတောင်၊ သထုံ၊ လော်ကား၊ အလုံ၊ ရွာမ၊ သာကေတ စသည့်ဒေသများ၌ တည်ဆောက်ထားသည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ကိုးရုံတွင် စက်တပ်ဆင်အား ၇၀၂ ဒသမ ၉ မဂ္ဂါဝပ်ရှိသော စက်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ။

နေစွမ်းအင်ကို လက်တွေ့အသုံးချကြပါ

သတင်းဆောင်းပါး - ဒေါက်တာသန့်စင်
(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)

ကျွန်တော်သည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာနတွင် တွဲဖက်ပါမောက္ခ တာဝန်ထမ်းဆောင်နေသူ ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ တာဝန်ထမ်းဆောင်သည့် တက္ကသိုလ်မှ နေထိုင်ရာ စမ်းချောင်းမြို့နယ်သို့ ပြန်သည့်အခါတိုင်း အင်းစိန်မြို့နယ် မီးရထားခုံးကျော်ဖြတ်ကာနီးတွင် မီးရထားပိုင် ရိပ်သာဝင်းအတွင်း စိုက်ထားသော ဆိုင်းဘုတ်

ထိုင်းနိုင်ငံ ဟွာဟင်းမြို့အနီးရှိ ဆိုလာပြားများဖြင့် လျှပ်စစ်ဓာတ်ပေးနေသော ဆိုလာကွင်းပြင်သို့ ရောက်ခဲ့စဉ်။

တစ်ခုကို အမြဲသတိပြုမိပါသည်။ ရေးထားသည်မှာ **"နေစွမ်းအင်ကို အစွမ်းကုန် အသုံးချပါ"**ဟု ရေးထားပါသည်။ မှန်ပါသည်။ ကျွန်တော်တို့လူသားများသည် သဘာဝမှပေးသော နေစွမ်းအင်ကို အပြည့်အဝအသုံးမချနိုင်ကြသေးပါ။ အခြားသော တွင်းထွက်စွမ်းအင်များကိုသာ ဈေးကြီးပေး၍ အသုံးချနေကြပါသည်။

အမှန်တွင် **'နေ'**သည် ဟိုက်ထရိုဂျင်များ စုစည်းလောင်ကျွမ်းနေသော ဓာတ်ငွေ့လုံးကြီးတစ်ခု ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံကြီးများတွင် တည်ဆောက်နေသော နျူးကလီးယားဓာတ်ပေါင်းဖိုများမှရရှိသော စွမ်းအင်ထက် အဆသန်းပေါင်းများစွာ အချိန်ပြည့်စွမ်းအင်ပေးနေရသည့် စက်ရုံကြီးပင်ဖြစ်ပါသည်။ နေ၏ မျက်နှာပြင် ပျမ်းမျှအပူချိန်သည် 6000 K ခန့်ရှိပါသည်။

နေရောင်ခြည်တွင် ဖိုတွန် (Photon) အမှုန်များပါရှိသည်။ ၎င်းဖိုတွန်အမှုန်များသည် နေရောင်ခြည်သုံး ဆိုလာပြားများ (Solar Photo Voltaic-PV)အပေါ် ကျရောက်သောအခါ လျှပ်စစ်ဓာတ်ထွက်လာပါသည်။ ၎င်းမှ ထွက်ရှိသောလျှပ်စစ်သည် DC လျှပ်စီးကြောင်း ဖြစ်ပါသည်။ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများကို ယနေ့ကမ္ဘာတွင် များစွာထုတ်လုပ်ရောင်းချလာကြပါသည်။ ၎င်းဆိုလာပြားများပေါ်သို့ နေရောင်ခြည်ကျရောက်ရာမှ ရသည့် လျှပ်စစ်ကို ဘက်ထရီအိုးအတွင်း သိုလှောင်ထားပြီး ၎င်းဘက်ထရီမှ အင်ဗာတာ (Inverter) သုံးကာ A.C လျှပ်စစ်ကြောင်းဖြင့် အိမ်များတွင် မီးထွန်းခြင်း၊ တီဗွီ၊ ရေခဲသေတ္တာ၊ အဲယားကွန်း၊ ရေမော်

ရန်ကုန်တိုင်းဒေသကြီး သာကေတစက်မှုဇုန်တွင် တပ်ဆင်ထားသော ဆိုလာမီးတိုင်ပုံ။

တာနှင့် ရေတင်ခြင်း စသည့်လုပ်ငန်းများအတွက် တွင်ကျယ်စွာ အသုံးပြုလာနိုင်ပါသည်။

ယခုအခါ ပညာရေးဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြန်ပြည့်မြဲ စွမ်းအင်အသင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ကြီးများ၏ လမ်းများတွင် နေရောင်ခြည်စွမ်းအင်သုံးမီးတိုင်များကို စိုက်ထူအသုံးပြုလျက်ရှိပါသည်။ အဆိုပါ မီးတိုင်တစ်တိုင်လျှင် LED-1 Watt မီးလုံး အလုံး ၃၀ပါ တိုင်နှင့် LED-1 Watt မီးလုံး အလုံး ၆၀ပါ တိုင်တို့ ပါဝင်သည်။ တိုင်တစ်ခုစီတွင် 12 V ဘက်ထရီ တစ်လုံး၊ Solar Cherger တစ်ခု၊ ညအခါ အလိုအလျောက်မီးပွင့်၊ ပိတ်စနစ်ပါ Sensor တစ်ခုစီပါဝင်ပါသည်။ တိုင်အမြင့်မှာ ပေ ၂၀ ခန့်ရှိပါသည်။

LED အလုံး ၃၀ပါ မီးတိုင်တစ်ခုသည် ငွေကျပ် သုံးသိန်းခန့်ကုန်ကျပြီး LED အလုံး ၆၀ပါ မီးတိုင်တစ်ခုသည် ငွေကျပ်လေးသိန်းခွဲခန့် ကုန်ကျပါသည်။ ယခု မီးတိုင်များသည် DC လျှပ်စစ်ကို တိုက်ရိုက်အသုံးပြုထားပါသည်။ Solar ပြား၏ သက်တမ်းမှာ ၁၀ နှစ်ကျော် ရှိပါသည်။ မီးလုံးသက်တမ်းမှာ နာရီ ၁၀၀၀၀ ကျော်ခံပါသည်။ ထို့ကြောင့် နှစ်ရှည်ခံမီးတိုင်ဖြစ်ပါသည်။

ယခုအခါ ဆိုလာပြားများနှင့် LED မီးလုံးများကို ပြည်တွင်းမှာပင် ထုတ်လုပ်ရရှိနေသဖြင့် နောက်ပိုင်းတွင် ယခု ဆိုလာပြားတိုင်များကို ကျေးရွာများသို့တိုင် အသုံးပြုနိုင်တော့မည် ဖြစ်ပါသည်။ ယနေ့ လက်ရှိ ဆိုလာပြားတစ်ချပ်၏ နိုင်ငံတကာ ပျမ်းမျှဈေးနှုန်းမှာ 1 Watt လျှင် နိုင်ငံခြားငွေ နှစ်ဒေါ်လာခန့်ရှိပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် စွမ်းအင်သုံးစွဲမှု များပြားလာနေသောကြောင့် မလိုအပ်ဘဲ အသုံးပြုနေသော စွမ်းအင်ဖြုန်းတီးမှုများ မရှိစေရန် စွမ်းအင်စစ်ဆေးရေးအဖွဲ့ (Energy Ordit)များ ဖွဲ့စည်းထားကြပါသည်။

၎င်းအဖွဲ့အနေနှင့် ပုဂ္ဂလိကကုမ္ပဏီများ၊ ဝန်ကြီးဌာနများ၊ ပြည်သူများမှ အမှန်တကယ် အသုံးပြုရန်လိုအပ်သည့် စွမ်းအင်များကိုသာ အသုံးပြုရန်ဖြစ်ပြီး အမှတ်တမဲ့ ဖြုန်းတီးနေသော စွမ်းအင်များကို မရှိစေရန် လိုက်လံစစ်ဆေးအရေးယူသောအဖွဲ့ဖြစ်ပါသည်။ ယခုအခါ ပုဂ္ဂလိကရုံးများ၊ အစိုးရရုံးများမှာပင် နေ့အချိန် အလင်းရောင်ရှိပါလျက်နှင့် မီးချောင်းများထွန်းထားခြင်း၊ လေအေးပေးစက်များကို တစ်လုံးတည်းနှင့် လုံလောက်ပါလျက်နှင့် ပိုမိုအသုံးပြုခြင်း၊ ညနေရုံးဆင်းချိန်များတွင် အသုံးပြုသည့် လျှပ်စစ်များကို မေ့လျော့စွာ မပိတ်ဘဲထားခဲ့ခြင်းတို့သည် စွမ်းအင်ကို ဖြုန်းတီးရာ ရောက်ပါသည်။

စာရေးသူသွားရောက်လေ့လာခဲ့သော ထိုင်းနိုင်ငံ ဟွာဟင်း (Hua Hin) မြို့အနားတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့် ၆ ဒသမ ၆၉၇ မဂ္ဂါဝပ် လျှပ်စစ်ထုတ်လုပ်သည့် ဆိုလာပါဝါပြားပေါင်း ၃၉၀၀၀ချပ်ဖြင့် တပ်ဆင်ထားသော ဆိုလာပြား ကွင်းပြင်ကြီးကိုတွေ့ရပါသည်။ လယ်ကွင်းထဲမှ စပါးပင်များကဲ့သို့ တစ်မျှော်တစ်ခေါ် မျက်စိတစ်ဆုံး ကျယ်ဝန်းများပြားလှ၍ မော်တော်ကားများဖြင့် လှည့်ပတ်ကြည့်ရှုရပါသည်။

ဗန်ကောက်ဆိုလာပါဝါကုမ္ပဏီ (Bangkok Solar Power Company-BSC) သည် ၂၀၀၇ ခုနှစ် မတ်လ ၇ ရက်မှစ၍ ရင်းနှီးငွေ ဘတ်သန်း ၁၈၀ဖြင့် စတင်ပြီး ဆိုလာပြားများကို စတင်ထုတ်လုပ်ခဲ့ပါသည်။ ထိုကုမ္ပဏီမှပင် စက်ရုံများထောင်ကာ လျှပ်စစ်ကေဘယ်လ်ကြီးများ၊ အင်ဗာတာများ (Invertor)၊

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်အနီး လမ်းပေါ်တွင် တပ်ဆင်ထားသော ဆိုလာမီးတိုင်ပုံ။

ထရန်စဖော်မာ (Transformer) များနှင့် အခြားလျှပ်စစ်သုံးပစ္စည်းများကို ထုတ်လုပ်ရောင်းချနေပါသည်။ ယခုအခါ ရင်းနှီးမြှုပ်နှံမှု ငွေဘတ်သန်း ၂၅၀၀အထိ ရောက်ရှိနေပါသည်။

ရန်ကုန်တိုင်းဒေသကြီး ပြန်ပြည့်မြဲ စွမ်းအင်ကော်မတီအနေဖြင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသော ဆိုလာပြားများကို ၎င်းတို့သတ်မှတ်ထားသည့် ပါဝါပြည့် မပြည့်နှင့် မြန်မာနိုင်ငံ၏ နေရောင်ခြည်ရရှိမှုတို့နှင့် အသုံးပြုရာတွင် မည်သို့ အသုံးပြုနိုင်သည်တို့ကို သုတေသနပြု စမ်းသပ်အသုံးပြုနေပါသည်။ ယခုအခါ ပြည်တွင်းမှလည်း အဆင့်မီကောင်းမွန်သော ဆိုလာပြားများ ထုတ်လုပ်နေပြီဖြစ်သဖြင့် ပိုမိုလွယ်ကူသက်သာစွာနှင့် စိတ်ချယုံကြည်စွာ အသုံးပြုနိုင်တော့မည် ဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့နိုင်ငံများတွင် နေအိမ်နှင့် စက်ရုံအလုပ်ရုံများ၌ အလင်းရောင်ရရှိရေးအတွက် အသုံးပြုရသော မီးချောင်း၊ မီးလုံးများနေရာတွင် LED မီးချောင်း၊ မီးလုံးများကို အစားထိုး အသုံးပြုနေကြပါသည်။ ၎င်းမီးလုံးများသည် လျှပ်စစ်စွမ်းအင်အင်အား ဝပ် (Watt)အနည်းငယ်မျှ အသုံးပြုရုံဖြင့် အလင်းပြင်းအားများစွာ ရရှိနိုင်ပါသည်။ ထို့ကြောင့် လျှပ်စစ်စွမ်းအင်ကုန်ကျမှုကို များစွာသက်သာစေပါသည်။ အိမ်တစ်အိမ်၏ မီတာခကို များစွာသက်သာစေမည် ဖြစ်ပါသည်။

နေရောင်ခြည် စွမ်းအင်သုံး မီးတိုင်များကို အသုံးပြုခြင်းဖြင့် နိုင်ငံတော်မှ ပြည်သူများအတွက် ငွေကြေးများစွာ အကုန်အကျခံ ဆောက်လုပ်နေသော ရေအားလျှပ်စစ်စီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့်လျှပ်စစ်စွမ်းအင်ကို အသုံးမပြုသဖြင့် လျှပ်စစ်ဓာတ်အားကို တစ်ဖက်တစ်လမ်းမှ ချွေတာပေးရာ ရောက်ပါသည်။ ထို့ပြင် ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်စေသည့် ကမ္ဘာကြီးပူနွေးမှုနှင့် ကာဗွန်ဒိုင်အောက်ဆိုက်များစွာ ထုတ်လွှတ်ခြင်းတို့ကို မဖြစ်ပေါ်စေနိုင်ပါ။

ထို့ပြင် အိမ်များတွင်အလွယ်တကူသုံးနိုင်သည့် 1 Watt ဆိုလာသုံးမီးအိမ်နှင့် 2 Watt ဆိုလာသုံးမီးအိမ်များကို ထုတ်လုပ်ထားပါသည်။ မီးအိမ်တစ်ခုလျှင် ဆိုလာပြားအသေးတစ်ချပ် 4 V သို့မဟုတ် 5 V ဘက်ထရီ တစ်လုံးစီနှင့် LED အလုံး၃၀ မီးလုံးများ ပါရှိပါသည်။ နေရောင်ခြည်တွင် တစ်နေ့ ၇နာရီခန့် ဆိုလာပြားကိုထား၍ အားသွင်းပါက တစ်ည ၅ နာရီခန့် လျှပ်စစ်မီးကောင်းစွာရရှိပါသည်။ ၁၀ပေ ပတ်လည်အခန်း တစ်ခန်းအား အလင်းရောင်လုံလောက်စွာ ရရှိနိုင်ပါသည်။ မီးအိမ်တစ်ခုလျှင် 1 Watt တစ်စုံ ငွေကျပ်၅၅၀၀နှင့် 2 Watt တစ်စုံ ငွေကျပ်၁၀၀၀၀ တန်ဖိုးရှိပါသည်။ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ကျေးရွာများ၊ ဆေးပေးခန်းများ၊ ငါးဖမ်းလှေများနှင့် ညအခါ အလုပ်လုပ်ရသည့်သူများအတွက် များစွာအသုံးဝင်ပါသည်။

ထို့ကြောင့် သဘာဝမှပေါများစွာ အခမဲ့ပေးနေသော နေရောင်ခြည်စွမ်းအင်ကို ယခုကဲ့သို့ ဆိုလာသုံးလျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲအသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာ ရောက်သည့်အပြင် နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား ကုန်ကျစရိတ်ကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီရာရောက်ရှိနိုင်သောကြောင့် နေစွမ်းအင်ကို အစွမ်းကုန်အသုံးချကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

လွတ်လပ်ရေးနေ့ဂုဏ်ပြု လမ်းတံတားများဖွင့်

လှိုင်ကော်မြို့နယ်ရှိ ဆန်းဘွန်းကျေးရွာ ကျောက်ချောလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပပြီးနောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဧည့်သည်တော်များက ကျောက်ချောလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ်၌ အမှတ်(၁၄)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တောင်ငူခရိုင်ဥက္ကဋ္ဌ ဦးလှမင်းထွဋ်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ထားဝယ်မြို့၌ မြလေးလမ်းလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပရာ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ ခရိုင်ဥက္ကဋ္ဌ ဦးလှမျိုးနှင့် ရပ်မိရပ်ဖ ဦးဇော်မြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

သနပ်ပင်မြို့နယ်၌ မေတ္တာပေါင်းကူး သံကူကွန်ကရစ်တံတားဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ခရိုင်ဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြိတ်မြို့နယ်ရှိ အလယ်ကျွန်းရပ်ကွက်၌ စိန်ခြယ်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ မြိတ်မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရွှေ၊ အလယ်ကျွန်းရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းခိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ရှိ မိုဘိုင်းလ်ဆက်သွယ်ရေးစခန်းများ ဝန်ကြီးဦးသိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဇန်နဝါရီ၁၀ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ပြည်ပဆက်သွယ်ရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေးအတွက် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပြည်ပဆက်သွယ်ရေးစခန်းရှိ mm CERT (Myanmar Computer Emergency Response Team) စက်ခန်း၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးသိန်းထွန်း လိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်မြို့ရှိ ဝေဠုဝန် GSM ဆက်သွယ်ရေးစခန်း၌ ဟွာဝေး နည်းပညာကုမ္ပဏီမှ ပေးပို့သော GSM စနစ် စက်ပစ္စည်းသစ်များ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ဟံသာဝတီ အော်တိုအိတ်ချိန်းစခန်း၌ IP TRANSIT SWITCH ROOM, CONTROL ROOM နှင့် SWITCHING ROOM တို့ကို လည်းကောင်း၊ ဟံသာဝတီ နေရှင်နယ် GATEWAYစခန်းကိုလည်းကောင်း၊ လမ်းမတော်မြို့နယ်ရှိ WCDMA စနစ် စခန်းနှင့် CDMA 800 MHz စနစ်စခန်းတို့ကိုလည်းကောင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ကွန်ပျူတာသုံး မြန်မာစာ အကောင်အထည်ဖော်ခြင်းအဖွဲ့ လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်အောင်မြို့၌ ချည်မျှင်ရှည်ဝါ စံကွက်ကောက်သိမ်း

မြန်အောင် ဇန်နဝါရီ ၁၄

မြန်အောင်မြို့နယ် ရှားတောအုပ်စု ရှားတောရွာ ကွင်းအမှတ် (၂၂၀)၊ ဦးပိုင် အမှတ်(၂၀၉) တောင်သူ ဦးလှထွန်း၏ ငွေချည်(၆) ချည်မျှင် ရှည်ဝါ စိုက်ခင်း၌ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဝါသီးနှံစံကွက် ကောက်သိမ်းပွဲ ကျင်းပရာ **(အောက်ပုံ)** စံကွက်ကောက်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးကြူ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးညဏ်ထွန်း၊ မြို့နယ်မြေစာရင်း ဦးစီး အရာရှိ ဦးရဲမြင့်၊ ဝါနှင့် ပိုးချည်လုပ်ငန်းဌာန တာဝန်ခံ ဒေါ်မီမီအောင်နှင့် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ဝါသီးနှံစိုက်တောင်သူများ တက်ရောက်ကြသည်။

ထွက်ရှိ

အဆိုပါ စံကွက်ကောက်သိမ်းရာတွင် ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ခင်းမှ တစ်ဧက ဝါ ၈၃၆ ပိဿာ နှုန်း ထွက်ရှိကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၃ ရက်က မြောက်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူး၍ ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲကို မြို့နယ် မိခင်နှင့်ကလေးသားဖွားခန်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မျိုးမျိုးထိုက်က အမြွာဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။

(မြို့နယ် မိခင်နှင့်ကလေး)

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဘိုက္ကား-လှည်းလမ်းကူး-ကျောင်းရွာသွား မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၉ရက်က အမှုဆောင်အရာရှိ ဦးနေထက်ရှိန်ကြည့်ရှု စစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးရဲလွင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကွန်ပျူတာဈေးရောင်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

KMD Sales & Service Centre က Happy Weekend Road Show ကို ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ရှိ KMD Sales & Service Centre တိုင်း၌ ကျင်းပမည်ဖြစ်ကြောင်း၊ အထူးဈေးရောင်းပွဲတော်တွင် Lenovo, Acer , HP, Dell, Prolink, Apple အစရှိသော Notebook Brand အစုံအလင်၊ မိသားစုသုံး Desktop Computer များ၊ Lenovo Branded Desktop များကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး Printer , Scanner ,UPS စသော ကွန်ပျူတာ ဆက်စပ်ပစ္စည်းများကိုလည်း အများဆုံး ၅၀ ရာခိုင်နှုန်းအထိလျှော့၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စွမ်းရည်မြင့် Acer 4741G Notebook (Core 13-380, 2.53GHz, 2GB DDR3, 500GB HDD, nVidia 1GB graphic Card) ကို ငွေကျပ်ငါးသိန်းကျော်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး Acer 4738z Notebook (P6200, 2GB DDR3, 500GB) များကို ယခုအခါ အထူးဈေးနှုန်းအနေဖြင့် ငွေကျပ် ၃၇၉၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် Prolink Netbook ကို ငွေကျပ် နှစ်သိန်းလေးသောင်းကျော်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ CDMA RUIM ဖြင့် အင်တာနက်ချိတ်ဆက် အသုံးပြုနိုင်သော USB Internet Connector များကိုလည်း ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အထူးအစီအစဉ်အနေဖြင့် ငွေကျပ် ၈၀၀၀တန် Pen Drive ကိုငွေကျပ် ၄၈၀၀ ဖြင့် နံနက် ၁၀နာရီတွင် ဦးရာလူစနစ်ဖြင့် ရောင်းချပေးသွားမည့်အပြင် အများဆုံး ၅၀ ရာခိုင်နှုန်းအထိ လျှော့ချထားသော ကွန်ပျူတာ ဆက်စပ်ပစ္စည်းများကို Special Offer အစီအစဉ်အနေဖြင့် နံနက် ၁၀ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီတွင် တစ်ကြိမ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Apple Ipod နှင့် Ipad လက်ဆောင်ပေးချင်သူများအတွက် မိမိနှစ်သက်ရာ စာသားများရေးထွင်း၍ ပေးပို့နိုင်သော အစီအစဉ်ကိုလည်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ ထိုနေ့တွင် Apple ပစ္စည်းများကို ကြိုတင်စာရင်းပေးသွင်း၍ မှာယူနိုင်ပြီဖြစ်သည်။

အသေးစိတ် စုံစမ်းသိရှိလိုပါက KMD Sales & Service Centre (ပန်းဆိုးတန်းလမ်း ဆိုင်ခွဲ) ဖုန်း-၃၈၅၁၇၇နှင့် ၂၄၅၁၈၀၊ မဟာဗန္ဓုလပန်းခြံလမ်းဆိုင်ခွဲ ဖုန်း-၀၉-၈၃၀၁၀၃၇နှင့် ၈၃၀၃၇၇၈၊ မြေနီကုန်းဆိုင်ခွဲ ဖုန်း-၅၀၂၂၄၄နှင့် ၅၀၃၅၁၁တို့သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အာစရိယ ပူဇော်ကြမည်

နေပြည်တော် ဇန်နဝါရီ ၁၄

မြင်းခြံမြို့ အထက (၁)

မြင်းခြံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ အငြိမ်းစားယူသွားကြသော အသက်(၆၀)နှင့်အထက် ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁) ပုပ္ပားခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲကျင်းပရေး ကော်မတီသို့ အလှူငွေပါဝင်လှူဒါန်းရန်နှင့် မြင်းခြံမြို့တွင် ဒေါ်ယုယုစမ်း အထက(၁) ကျောင်းအုပ် ဖုန်း-၀၆၆-၂၁၁၀၃၊ ဦးတင့်လွင် ဖုန်း-၀၉-၂၂၁၅၂၀၀၊ ရန်ကုန်မြို့တွင် ဦးတင်မောင်မောင် ဖုန်း-၀၁-၇၃၀၂၈၄၆၀၊ ဦးစောလှမြင့် ဖုန်း-၀၉-၅၁၅၇၇၅၅၊ ဦးကျော်ဆွေ ဖုန်း-၀၁-၅၅၆၈၉၄၊ ဦးကျော်ဝင်း (လှည်းကူး၊ အထက ကျောင်းအုပ်) ဖုန်း-၀၁-၇၃၀၀၉၁၄၃၊ မန္တလေးမြို့တွင် ဦးတင်ရွှေ (ဘိုမ-အထက်ဆင်) ဖုန်း-၀၉-၂၀၀၂၇၀၄၊ ဒေါက်တာနေမျိုး (D,Bio)ဖုန်း- ၀၉-၅၁၄၁၇၄၅၊ တောင်ကြီးမြို့တွင် ဦးသန်းထွန်းအောင် ဖုန်း-၀၉-၅၂၁၃၆၄၆၊ ဦးမင်းသူ ဖုန်း-၀၉-၅၂၁၁၂၆၃၊ ပြင်ဦးလွင်မြို့တွင် ဒေါက်တာအေးမင်းစိုး (DSTA) ဖုန်း-၀၉-၅၀၁၃၅၃၃၊ ပျော်ဘွယ်မြို့တွင် ဦးစောလင်း (မြန်မာ့ဆက်သွယ်ရေး) ဖုန်း-၀၉- ၄၇၁၂၇၅၅၅ တို့ထံသို့ ဇန်နဝါရီ ၂၅ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

မင်းဘူးအသင်း (ရန်ကုန်)

မင်းဘူးမြို့နယ်အသင်း၏ (၆၁)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၉-၂၀၁၀ခုနှစ် ပညာရည်ချွန်ဆုပေးပွဲများကို ရန်ကုန်မြို့ ဗဟန်း ကြားတောရလမ်း ကုန်သွယ်လယ်ယာမွှောရုံ၌ ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်သူ မြို့နယ်သားများ စုံညီစွာ တက်ရောက်ကြရန်နှင့် အသင်းဝင်များ၏ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ သားသမီးများ စာရင်းကို ဇန်နဝါရီ ၂၀ရက် နောက်ဆုံးထား၍ ပေးပို့ပြီး လှူဒါန်းလိုသူများသည် ဦးဝင်းမောင် ဖုန်း-၀၉-၄၉၂၉၇၅၈၅၊ဦးစံလှ ဖုန်း-၀၁-၅၆၄၃၅၈၊ ဒေါ်ခင်စိန်ဝင်း ဖုန်း-၅၆၀၆၁၁နှင့် တက္ကသိုလ်စိန်တင် ဖုန်း-၅၈၀၄၅၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာအသင်းဝင်နှင့်မိဘများဖြစ်ကြသောအသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ပါရဂူဘွဲ့ (Ph.D) ရရှိသူများနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များအထောက်အထားများနှင့်အတူဆက်သွယ်ကြရန်နှင့် အသင်းဥက္ကဋ္ဌ ဦးကောင်းရင် ဖုန်း-၆၆၃၀၆၂၊ အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၃၇၁၅၄၄၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၇၀၃၀၇၇၊ ဘဏ္ဍာရေးမှူး ဦးအမိုင် ဖုန်း-၂၂၇၄၇၂၊ အသင်းတိုက်ရုံး ဖုန်း-၂၂၂၀၈၈နှင့် လပွတ္တာမြို့တွင် ဦးနေဝင်း၊ ဦးတင်ဆိုင်၊ ဦးတင်ဦး၊ ဦးတင်အောင်တို့ထံသို့ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

အထက(၃) သာကေတ

သာကေတမြို့ အထက(၃) ကျောင်းသား ကျောင်းသူဟောင်းများက (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဦးတင်မြင့် ဖုန်း-၇၃၀-၀၅၂၅၉၊ ဦးတင်ရွှေ ဖုန်း-၅၅၁၁၇၁၊ ဦးဝင်းဗိုလ် ဖုန်း-၀၉-၅၁၁၂၇၆၂၊၅၄၇၂၃၃နှင့် ဒေါ်ခင်သိန်းဝင်း ဖုန်း-၀၉-၅၄၀၆၈၄၁၊ ၇၂၀၁၅၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

အလက(၃) သာကေတ

ယခင်အလက(၃) (၈)ရပ်ကွက် သာကေတမြို့နယ်၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အလင်းရောင်ကျောင်းတိုက်၁၀၈တောင်ဘုရားလမ်း ၁၀/တောင်ရပ်ကွက်၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၀၃၈၉၅၊ ဦးမျိုးဝင်း ဖုန်း-၅၄၇၄၉၉၊ ၀၉-၅၁၀၁၁၄၉၊ ဒေါ်တင်တင်အေး ဖုန်း-၅၄၇၀၇၂၊ ဒေါ်နုနုလှိုင် ဖုန်း-၀၉-၅၁၇၁၃၈၆နှင့် ဒေါ်အေးသိန်း ဖုန်း-၇၃၀-၁၅၃၈၇တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

အထက (၂) လှိုင်

အထက (၂)လှိုင် (ဒေါ်သာထက် အထက်တန်းကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ အသက်(၆၀)နှင့်အထက် (အငြိမ်းစား) ဆရာဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းရှိ သီဂီရွှေဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြတ်ဆရာပူဇော်ပွဲအတွက် ညှိနှိုင်းအစည်းအဝေးပွဲကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည် ဖြစ်သဖြင့် ၁၉၆၄ ခုနှစ်မှ ၂၀၀၉ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး ဝန်ကြီး ဦးညဏ်ဝင်း တက်ရောက်ခဲ့

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Dr. Thongloun Sisoulith ၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

(၁၀)ကြိမ်မြောက် မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပတ်ခ်ဆေးမြို့ Champasak Grand Hotel အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးညဏ်ဝင်းနှင့် လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Dr. Thongloun Sisoulith တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံဝန်ကြီးများသည် နှစ်နိုင်ငံအကြား လက်ရှိဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး နှစ်နိုင်ငံ နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု၊ ဘာသာရေး၊ အားကစား စသည့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ အကောင်အထည်ဖော်ရေးအတွက် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ကို အခြေခံ၍ ခင်မင်ပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ ပူးတွဲကော်မရှင်အစည်းအဝေး၌ ဇန်နဝါရီ ၉ ရက်တွင် ကျင်းပခဲ့သည့် အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေး အစီရင်ခံစာကိုတင်သွင်းပြီး နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် (၁၀)ကြိမ်မြောက် မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေး၏ သဘောတူညီချက် မှတ်တမ်းကို သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

အကျိုးတူပူးပေါင်း

ယင်းအစည်းအဝေး မကျင်းပမီ ဝန်ကြီးဦးညဏ်ဝင်းနှင့် လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် နံနက်ပိုင်းတွင် အဆိုပါ ဟိုတယ်ဧည့်ခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၉ ရက် ညနေပိုင်းတွင် Champasak Grand Hotel ၌ ချန်ပါဆတ် ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Sonexay Sihpandone က တည်ခင်းသည့် ညစာစားပွဲသို့လည်းကောင်း၊ ဇန်နဝါရီ ၁၀ ရက် ညပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးDr. Thongloun Sisoulith က တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့လည်းကောင်း တက်ရောက်ခဲ့သည်။

အမှာစကားပြောကြား

ဝန်ကြီး ဦးညဏ်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် ပတ်ခ်ဆေးမြို့မှ ဗီယင်ကျန်းမြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပြီး ဝန်ကြီးသည် ညနေပိုင်းတွင် ဗီယင်ကျန်းမြို့ မြန်မာသံရုံး၌ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် သံရုံးဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။

ဝန်ကြီး ဦးညဏ်ဝင်းသည် ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Thongsing Thammavong အား ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံပြီး မွန်းလွဲပိုင်းတွင် ဗီယင်ကျန်းမြို့မှ လေကြောင်းခရီးဖြင့် ဗန်ကောက်မြို့မှတစ်ဆင့် ပြန်လည်ထွက်ခွာခဲ့ရာ ယင်းနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ပုသိမ်မြို့ အမှတ်(၂၃)အခြေခံပညာမူလတန်းကျောင်း၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမရရှိသော မသက်ထားဦးအား ကျောင်းအုပ်ဆရာကြီး ဦးတင်ထူးက ဆုချီးမြှင့်စဉ်။

(၁၅၇)

မန္တလေး၌ ကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းတွင် ပထမဆုရရှိသော မိုးမိတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှအကြီးတန်းစာရေး ဒေါ်ခင်ဆုဝေ၊ ဒုတိယဆုရရှိသော ပြင်ဦးလွင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အငယ်တန်းစာရေး ဦးထွန်းဝင်းအောင်နှင့် တတိယဆုရရှိသောမကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်သပြေအောင်တို့အား ဆုများချီးမြှင့်ပေးခဲ့ပြီး သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့်ခရိုင်ဦးစီးမှူးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား ၄၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(ဝ၄ဝ)

ရှင်းလင်းတင်ပြ

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ထီးတော်တင်-ဖန်းခါးကျင်းကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်နေမှုကို ဇန်နဝါရီ ၇ ရက်က မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်သူသူအေး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ ဇန်နဝါရီ ၁၄

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်များက ဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ဦးစီးဌာနမှူး ဦးမျိုးအောင်က အခွန်အရပ်ရပ် လျာထားချက် ပြည့်မီကျော်လွန်နိုင်အောင် ဆောင်ရွက်ရေး၊ ရေမြေသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်အတွက်အရေးပါသော ဒီရေတောများကိုသစ်တောဦးစီးဌာနနှင့်ပူးပေါင်းပြီး စိုက်ပျိုးထိန်းသိမ်းရေး၊ ငါးလုပ်ငန်းများကို တရားဝင်ခွင့်ပြုနည်းလမ်းများနှင့်အညီ လုပ်ကိုင်နိုင်ရန် ကြပ်မတ်ဆောင်ရွက်ရေး၊ ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးသယံဇာတ တိုးပွားအောင် ဆောင်ရွက်ရေး၊ ငါးမျိုးပြုန်းတီးစေသော ငါးဖမ်းနည်းများဖြစ်သည့် ဆေးအဆိပ်ဓာတုပစ္စည်းများနှင့် ငါးဖမ်းခြင်း၊ မိုင်းခွဲငါးဖမ်းခြင်းနှင့် လျှပ်စစ်ရှော့တိုက် ငါးဖမ်းခြင်းစသည့် ငါးဖမ်းနည်းများဖြင့် ဖမ်းဆီးမှုမပြုရေး၊ ငါးသလောက်ငါးမျိုးများအား ထိန်းသိမ်းရေး၊ ငါးမြစ်ချင်း၊ ရေချိုပုစွန်၊ တီလားဗီးယား၊ ငါးခုံးမကြီး၊ ကကတစ် စသည့် ရေချို၊ ရေငန်ငါးများ တိုးချဲ့မွေးမြူရန် စည်းရုံးဆောင်ရွက်ရေး၊ ပြည်ပပို့ကုန်တိုးတက်အောင် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို ရှင်းလင်း ဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

တင်ပြဆွေးနွေး

ထို့နောက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၊ စခန်းတာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ပြည်နယ်ငါးလုပ်ငန်းဦးစီး)

Horizon Open စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Horizon Sports Academy တို့ ပူးပေါင်း၍ တတိယအကြိမ် Horizon Open စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ သာကေတမြို့နယ် ရွှေခင်းသာမြို့ပတ်လမ်းရှိ Horizon International School ၌ ကျင်းပသွားမည်ဖြစ်သည်။

ပါဝင်ကြမည်

ပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက်၊ ၁၅ နှစ်အောက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၈ နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အလွတ်တန်း အမျိုးသမီးပြိုင်ပွဲ၊ အလွတ်တန်း အပျော်တမ်း၊ လူသစ်တန်း အမျိုးသားပြိုင်ပွဲ၊ ဒုတိယတန်း အမျိုးသားပြိုင်ပွဲ၊ ပထမတန်း အမျိုးသားပြိုင်ပွဲ၊ အသက် ၄၅ နှစ်အထက် အမျိုးသားပြိုင်ပွဲတို့ ပါဝင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ခွင့်ပုံစံများကို အမျိုးသား ရေကူးကန်ရှိ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်နှင့် ဖိုးစိန်လမ်းရှိ Horizon International School တို့တွင် ရယူနိုင်ပြီး ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ဖိုးစိန်လမ်းရှိ Horizon International School တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် Asepso, Melior, Oramin-G, Grand Furniture, Panasonic နှင့် United Living Mall တို့က ပံ့ပိုးကူညီကြကြောင်း သိရှိရသည်။ **(အား/ကာ)**